ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 26 January 2021 ၁၀၂၆၉

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဥရုချောင်းကူးကြိုးတံတား အဆင့်မြှင့်တင်



ဟုမ္မလင်း ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာနှင့် သဖန်းကုန်းကျေးရွာတို့အား ဆက်သွယ်မည့် ဥရုချောင်းကူးကြိုးတံတားကို ယခုအခါ စတင်အဆင့်မြှင့်တင်တည်ဆောက်နေပြီဖြစ်သည်။

"ဥရုချောင်းမှာရှိတဲ့ လက်ရှိကြိုးတံတားက ခံနိုင်ဝန်လျော့လာတဲ့အတွက် ဒေသလိုအပ်ချက်အရ တန် ၆၀ ခံနိုင်တဲ့ တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မှာဖြစ်ပါတယ်။ ချဉ်းကပ်တံတားတွေကို အရင်အဟောင်းကိုပဲ ပြန်လည်အသုံးပြုသွားမှာဖြစ်ပါတယ်။ အဟောင်းက ခံနိုင်ဝန်အပြည့် ရှိပါသေးတယ်။ ကြိုးတံတားအပိုင်းရှိတယ်။ ချဉ်းကပ်တံတားအပိုင်းက နှစ်ဖက်ကွန်ကရစ်တံတားပါ။ ဝန်လျော့သွားတဲ့ ကြိုးတံတားအပိုင်းကိုပဲ ပြန်လည်ဖြုတ်သိမ်းပြီးတော့ သံပေါင်ပလိတ်ဂါဒါတွေနဲ့အစားထိုးပြီး ကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု တံတားတည်ဆောက်ရေးအဖွဲ့(၂) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

ကြေးမုံ ယနေ့ ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၈

ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအကျဆုံးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စ၊ နောက်တစ်ချက်က တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံဈေးကွက်ကိစ္စ နှစ်ခုကို လုပ်ရမယ်
စာမျက်နှာ » ၄

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ နှစ် (၁၀၀) ပြည့်ပွဲ
စာမျက်နှာ » ၁၀

## ညောင်ရွှေမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၆၃၉၅ စုအား ထောက်ပံ့ငွေများ ပေးအပ်

ညောင်ရွှေ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ၏ ထပ်တိုးတင်ပြထားသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ရွှေမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက ထောက်ပံ့ကြေးပေးအပ်ရခြင်းရည်ရွယ်ချက်၊ ထောက်ပံ့ငွေပေးအပ်ရာတွင် အခြေခံလူတန်းစားများ၏ လက်ဝယ်အရောက် ပေးပို့ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုအတွင်းရှိ ထပ်တိုးတင်ပြထားသည့် အိမ်ထောင်စုပေါင်း ၆၃၉၅ စုအတွက် ငွေကျပ် ၁၂၇၁၈၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးတာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ





ကြေးမုံ

# ရောဂါကင်းဝေးရေး အစဉ်အမြဲလိုက်နာ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ရရှိပြီး စတင်ထိုးနှံတော့မည်။ နိုင်ငံတစ်ဝန်းတွင် ယခုကာလအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျဆင်းလာသည်။ ကာကွယ်ဆေးလည်းရ၊ ရောဂါကူးစက်မှုလည်းကျသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ရမလိုဖြစ်သည်။ သို့သော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မြန်ကပ်ရောဂါ ကမ္ဘာပေါ်မှ အပြီးတိုင် မထွက်ခွာသွားသေးသည်ကို သတိချပ်ရမည်ဖြစ်သည်။

ကာကွယ်ဆေးလည်းရ၊ ကူးစက်ပျံ့နှံ့မှုလည်းကျဆင်းလာ၍ ပြည်သူများအနေဖြင့် တဖြည်းဖြည်းသွေးအေးပြီး ရောဂါမရှိသလို ပုံမှန်အတိုင်းနေမြဲ နေလာကြမည်ကို စိုးရိမ်မိသည်။ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများ ကျန်းမာစွာနေထိုင်နိုင်ရေး အထူးသတိပြုရန် ပထမအကြိမ် အချက်ပေးခေါင်းလောင်း ထိုးလိုက်ခြင်းဖြစ်သည်။ စားသတိ၊ လာသတိ၊ သွားသတိ၊ နေသတိ အရာရာတွင် သတိမမူနေထိုင်လုပ်ကိုင်မိပါက နောက်တစ်ကြိမ်၌ ယခုထက်ပိုမိုဆိုးနိုင်သည်ကို သတိပေးနှိုးဆော်ထားသကဲ့သို့ သတိမူကြရန်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးနှင့် ကာကွယ်ဆေးထိုးနှံရေးနှင့် ပတ်သက်သည့် ယခုနောက်ဆုံး အသိပေးထုတ်ပြန်ချက်များမှာ ပြည်သူတိုင်း မှတ်သားလိုက်နာသင့်သောအချက်များဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါရှိသူ ၆၀ ရာခိုင်နှုန်းခန့်သည် မည်သည့်ရောဂါလက္ခဏာမှ မပြသဖြင့် ပြည်သူများကြားတွင် ရှိနေနိုင်ကြောင်း သတိပေးထားသည်။ ယခုအခါ ရောဂါမျိုးဗီဇမှာလည်း ပြောင်းလဲနေပြီး ပိုမိုသတိထားရန်လိုကြောင်း ရောဂါမျိုးဗီဇစတင်ပြောင်းလဲသည့်နိုင်ငံများက သတိပေးထားသည်။

ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် ကိုဗစ်-၁၉ ရောဂါရှိနိုင်သည်ဟု ဆင်ခြင်နေရမည်ဖြစ်သည်။ ရောဂါပိုးအန္တရာယ်သည် ကာကွယ်ဆေးနှင့် ကာသည်ဖြစ်စေ၊ အကာအကွယ်ဖြင့် ကာသည်ဖြစ်စေ မိမိတွင် အားနည်းချက်ရှိသည်နှင့် အပြည့်အဝလုံခြုံမှုမရှိနိုင်သည်ကို သိရှိထားသင့်သည်။ ရန်သူများ၏ ထိုးဖောက်နိုင်စွမ်းအားကို ကြံ့ကြံ့ခံခုခံနိုင်သည့်စွမ်းအား အပြည့်အဝရှိပါမှ ရာခိုင်နှုန်း ၉၀ ခန့် ကာကွယ်ထားနိုင်သည်။ ကိုဗစ်ကာကွယ်ဆေးထိုးသောလူများတွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ကာကွယ်မှုရနိုင်သည်။

ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးသွားတော့မည်ဖြစ်သည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ပထမအသုတ် စတင်ထိုးနှံပေးမည်ဖြစ်သည်။ ကျန်လူထုလူတန်းစားများအား ကာကွယ်ဆေးရောက်ရှိလာမှုအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။ ကာကွယ်ဆေးရောက်ရှိ ထိုးနှံပေးမှုမှာ အချိန်ကာလအတိုင်းအတာတစ်ရပ် ကြာမြင့်မည်ဖြစ်၍ ကျန်လူအများအနေဖြင့် စိတ်ရှည်သည်းခံပေးကြရန် မေတ္တာရပ်ခံပါသည်။

ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကာကွယ်ဆေးထိုးထားသော်လည်း ထုတ်ပြန်ထားသော ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို ဆက်လက်လိုက်နာဖို့လိုပါသည်။ ကာကွယ်ဆေးနှင့်ပတ်သက်၍ ထိုးသင့်၊ မထိုးသင့်သည့် အချက်များကိုလည်း သိရှိထားရန်လိုအပ်ပါသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူတိုင်းထိုးနှံရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှင့် အနံ့ပျောက်၊ အသက်ရှူခက်၊ ဖျားနာ၊ ချောင်းဆိုးကဲ့သို့ သံသယရှိသူများ ရောဂါလက္ခဏာပျောက်ကင်းပြီးနောက် ၁၄ ရက်အတွင်း ထိုးနှံခြင်းမပြုသင့်ပေ။ ထို့အပြင် ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊ အသက် (၁၈)နှစ်အောက် လူအုပ်စုများ ကာကွယ်ဆေးမထိုးနှံသင့်ပါ။ ကိုယ်ခန္ဓာအစားထိုးကုသမှုခံယူထားသူများနှင့် ခုခံအားကျရောဂါရှိသူများအနေဖြင့် ထိုးသင့်၊ မသင့် သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် တိုင်ပင်ရမည်ဖြစ်ပါသည်။

ကျန်လူပုဂ္ဂိုလ်အားလုံးတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံသင့်ပြီး ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် ယင်းရောဂါများနှင့်ပတ်သက်၍ သက်ဆိုင်ရာဆေးဝါးများ သောက်သုံးနေရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အကယ်၍ ကူးစက်ခံရပါက အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံသင့်ပါသည်။

သို့ဖြစ်ရာ ကာကွယ်ဆေးထိုးခြင်းသည် ရောဂါအလွယ်တကူ ကူးစက်ခြင်းမရှိနိုင်အောင် ဟန့်တားကာကွယ်သည့် အကြိမ်ပြည့်ထိုးရသောဆေးဖြစ်ပြီး ဆေးထိုးပြီးပါကလည်း ရောဂါဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်းလူတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ကလေးမြို့၌ လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လူမှုဖူလုံရေး-Royal City အထွေထွေရောဂါကု ဆေးခန်းဖွင့်

**ကလေး ဇန်နဝါရီ ၂၅**




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ပြင်ပလူနာများ ဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူမှုဖူလုံရေး-Royal City အထွေထွေရောဂါကု ဆေးခန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာကလေးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်လွင်က လူမှုဖူလုံရေး-Royal City အထွေထွေရောဂါကု ဆေးခန်းဖွင့်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ကလေးမြို့နယ်၌ လူမှုဖူလုံရေးအဖွဲ့တွင် အာမခံအကျုံးဝင်ထားသော အလုပ်ဌာနပေါင်း ၁၉၅ ဌာနရှိပြီး အာမခံအလုပ်သမား ၂၀၀၀ ကျော် ရှိကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

## တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။

## ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၇၀၀ | ၉,၇၀၀ | ၂,၁၃၀ | ၂၀,၆၆၁,၂၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၁၃,၀၉၆ | ၅၀,၆၉၉,၂၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁,၀၁၁ | ၈,၂၉၀,၂၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂၈ | ၆၁၆,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၉၀ | ၂၄၃,၀၀၀ |
| EFR | ၃,၆၀၀ | ၃,၅၅၀ | ၆၂၈ | ၂,၂၅၈,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၅

ရန်ကုန်(ရွှေဈေး) ၁၃၂၀၅၀၀ မန္တလေး(ရွှေဈေး) ၁၃၂၀၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၇၁၀ ကျပ် | ၇၁၀/၇၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၉၅ ကျပ် | ၆၉၅/၇၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၃.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၉၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၉၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၉၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၉၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲသင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဦးဝေမင်းသူနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပထမလေးလလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် (ပထမအကြိမ်) လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန သီရိရတနာခန်းမ၌ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Virtual Online ဖြင့်ကျင်းပသည်။



**ရေရှည်မျှော်မှန်းချက်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိမိတို့ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် "နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားရန်" ဆိုသည့်အတိုင်း နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များအား သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ခေတ်နှင့် အညီဖြစ်စေရေး ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တော သယံဇာတများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း ၁၀ နှစ်လုပ်ငန်း အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတအခြေအနေ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းမှုရှိသည့် ဧရိယာများအဖြစ် တိုင်းတာတွက်ချက် ရရှိထားပါကြောင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ အစိုးရလက်ထက်တွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို လျာထားချက်၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် ဧရိယာ ဧက ၅ သိန်း ၆ သောင်းကျော် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါကြောင်း၊ ရည်မှန်းချက်ပြည့်မီရေး တိုင်းဒေသကြီး/ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် မြန်မာ့ရွေးချယ်ခြင်းစနစ် (Myanmar Selection System-MSS) ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိရေးဆွဲပြဋ္ဌာန်းထားသည့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများအရ နှစ်စဉ်တောထွက် (Annual Allowable Cut-ACC)မှာ ကျွန်းပင် ၁၉၂၁၀ နှင့် သစ်မာပင် ၅၉၂၃၃၀ သတ်မှတ်ထားပါကြောင်း၊ ထုတ်လုပ်မှုအား AAC သတ်မှတ်ပမာဏထက် လျော့နည်းထုတ်လုပ်လျက်ရှိကြောင်း၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းများမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်ဘဲ နိုင်ငံတော်ဝင်ငွေရရှိပြီး ဆင်များထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပါဝင်စေသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း (Green Economy) ဖြစ်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆင်စခန်း ၂၂ ခုကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၁၀၆၂၅ တန်၊ တရားခံ ၁၀၇၀၊ ယာဉ်/ယန္တရား ၄၉၆ စီး ဖမ်းဆီးရမိခဲ့ပါကြောင်း။

ဝန်ကြီးဌာနမှဆောင်ရွက်သော အများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ တိုက်တွန်းကြောင်းအဆိုများ၊ မေးမြန်းချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အဆိုနှင့် မေးခွန်းများ စုစုပေါင်း ၄၄၃ ခုဖြေကြားခဲ့ပါကြောင်း၊ သတ္တုကဏ္ဍနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို သိုလှောင်ခွင့်လိုင်စင်နှင့် သယ်ယူခွင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို အတည်ပြုထုတ်ပြန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစား၊ လက်လုပ်လက်စား သတ္တုတူးဖော်ရေးအတွက် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အသေးစားနှင့်လက်လုပ်လက်စား သတ္တုတွင်းဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များက ဥပဒေထွက်ရှိနိုင်ရေး တွန်းအားပေးဆောင်ရွက်စေလိုပါကြောင်း၊ အသစ်ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများမှ စီမံခန့်ခွဲမည့် ဓာတ်သတ္တုအသေးစား၊ လက်လုပ်လက်စားနယ်မြေဧရိယာများ သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း ပိုမိုဆောင်ရွက်ခွင့် ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ထပ်မံတင်ပြအဆိုပြုလာသည့် ဓာတ်သတ္တုလုပ်ကွက်များကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများတွင် ပြည်တွင်းကုမ္ပဏီ ၃၈ ခု၊ ပြည်ပကုမ္ပဏီ ၁၃ ခုနှင့် ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရတနာနယ်မြေအတွင်း တရားမဝင်ကျောက်ရှာဖွေသူများနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန်နှင့် ကျောက်စိမ်းရိုင်းများ ဖမ်းဆီးရမိမှုကို ဝန်ကြီးဌာနမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုများအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှလည်း ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်စေရေးအတွက် နိုင်ငံပိုင်ပုလဲကျွန်းစခန်းနှင့် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ပုလဲမွေးမြူသည့် ကျွန်းစခန်းလေးခုသို့ ခရီးသွားဧည့်သည်များ ဝင်ရောက်လေ့လာခွင့်ပြုခဲ့ပါကြောင်း၊ သစ်တောနှင့် ဓာတ်သတ္တု သယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်ရာတွင် အဆိုပါလုပ်ငန်းများသည် ကဏ္ဍစုံဆက်စပ်နေပြီး အလွန်ကျယ်ပြန့်သည့်အလျောက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှဝိုင်းဝန်းပူးပေါင်းကူညီ ထိန်းသိမ်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရာဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက Virtual Online ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


## ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun နှင့် ဒုတိယဌာနေကိုယ်စားလှယ် Ms. Yukiko Iriyama တို့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်၍ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် ဘဏ္ဍာငွေပိုမိုခွဲဝေချထားကာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ကောင်းမွန်ရေးနှင့် အလုပ်အကိုင်အခွင့် အလမ်းများ ဖြစ်ထွန်းအောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကိုလည်း နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားရေး၊ ရေရှည်ဘဝရပ်တည်နေထိုင်နိုင်ရေးတို့အတွက် မိမိတို့ဌာနနှင့် UNDP/UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးဆောင်ရွက်နေမှုနှင့် ယခု UNHCR ဌာနေကိုယ်စားလှယ်အနေဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသို့သွားရောက်ခဲ့ရာမှ တွေ့မြင်သိရှိချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် UNHCR ဌာနေကိုယ်စားလှယ် Ms. Hai Kyung Jun က မိမိတို့အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ဘားအံဒေသနှင့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ သွားရောက်ခဲ့မှု၊ မတူညီသည့်ဒေသနှစ်ခုသို့ သွားရောက်ခဲ့ရသည့်အတွက်ရရှိသည့် အတွေ့အကြုံ၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောတို့၌ ဒေသအာဏာပိုင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့မှုနှင့် ဘူးသီးတောင်၊ မောင်တောဒေသရှိ ကျေးရွာ ၁၁ ရွာသို့ သွားရောက်ခွင့်ရရှိသည့်အတွက် မျက်မြင်တွေ့ရှိခဲ့ရမှု၊ ဒေသခံပြည်သူများ၏ စကားသံများနှင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေးအခြေအနေ၊ UNDP နှင့် UNHCR တို့ ဖော်ဆောင်နေသည့် အကျိုးသက်ရောက်မှုထိရောက်မြန်ဆန်သည့်စီမံကိန်း (Quick Impact Projects - QIPs) လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ နဂိုမူလနေရာများ၌ ပြန်လည်နေရာချထားပေးနိုင်ရေးနှင့် MoU ပါ အချက်အလက်များအတိုင်း အောင်မြင်အောင်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများချမှတ်ကာ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လုံခြုံမှုရှိရေးပင်ဖြစ်ကြောင်း၊ ဒေသလုံခြုံတည်ငြိမ်ပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး နေရပ်စွန့်ခွာသွားသူများအနေဖြင့် ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိစွာပြန်လာနိုင်ရေးနှင့် နဂိုမူလနေရာများတွင် အတတ်နိုင်ဆုံးနေရာချထားပေးနိုင်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန်မျှော်မှန်း၍ အတတ်နိုင်ဆုံး မူလနေရာနှင့် အနီးဆုံးနေရာများ၌ ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ရေးထိုးထားသည့် MoU နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီ စီမံဆောင်ရွက်နေသကဲ့သို့ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရ၏ဆောင်ရွက်ချက်များကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ရာ လုပ်ငန်းများအောင်မြင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအကျဆုံးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စ၊ နောက်တစ်ချက်က တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံဈေးကွက်ကိစ္စ နှစ်ခုကိုလုပ်ရမယ်

ဦးအောင်မျိုးလတ် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)

သတင်းအင်တာဗျူး
မျိုးမင်းနိုင်
ဓာတ်ပုံ-ဟိန်းမင်းစိုး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးများတက်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ တတိယအကြိမ်လွှတ်တော်အတွက် ယခင် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ပါဝင်လာသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်အသစ်များလည်း ထပ်မံအရွေးချယ်ခံခဲ့ကြရသည်။ ယခုအခါ နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်သူ့အကျိုး ဆောင်ရွက်သယ်ပိုးကြမည့် တတိယအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ရင်တွင်းပြောကြားစကားသံများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည် -


ဦးအာကာမျိုးထက်


ဦးဘမျိုးသိန်း


ဒေါက်တာတင်မောင်ထွန်း


ဦးအောင်မျိုးလတ်


ဒေါက်တာအောင်လင်း


ဦးထန်ဆေး


ဦးထွန်းထွန်းဦး


ဦးကျော်တုတ်

**ဦးအာကာမျိုးထက် [ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) ]**

ကျွန်တော့်မဲဆန္ဒနယ်မြေထဲမှာ မြို့နယ် သုံးမြို့နယ်ရှိပါတယ်။ ဒီ သုံးမြို့နယ်ရဲ့ သဘာဝကလည်း သုံးမျိုးဖြစ်နေပါတယ်။ အရှေ့ဒဂုံဆိုရင် ကျေးလက်ဆန်ပါတယ်။ ဒါကြောင့် မြို့နယ်မှာရှိတဲ့ လယ်သမားတွေအတွက် ရသင့်ရထိုက်တဲ့ စိုက်ပျိုးချေးငွေစရိတ်တွေနဲ့ပတ်သက်ပြီး ကြိုးစားဆောင်ရွက်ဖို့စိတ်ကူးထားပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင် ကြိုးစားချင်တယ်။ မြောက်ဒဂုံဆိုရင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေ များပါတယ်။ အဲဒီနယ်မြေမှာ သူတို့တွေအတွက် အဓိကအခက်အခဲဖြစ်နေတာကတော့ ပင်စင်ထုတ်ယူတဲ့ကိစ္စပါ။

မြောက်ဒဂုံနဲ့ပတ်သက်ပြီး ပင်စင်လွယ်လွယ်ကူကူ ထုတ်ယူလို့ရတဲ့ စနစ်ဖြစ်အောင်၊ အငြိမ်းစားဝန်ထမ်းတွေရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ပိုမိုရရှိအောင် စွမ်းဆောင်ပေးချင်ပါတယ်။ မြောက်ဒဂုံက တည်ငြိမ်အေးချမ်းပြီး ပညာရေးနဲ့ပတ်သက်ရင် ထွန်းပေါက်ပါတယ်။ ဒါကြောင့် ပညာရေးနဲ့ ပတ်သက်တဲ့ Education၊ Institution ခေါ်တဲ့ အဖွဲ့တွေ အားကောင်းတဲ့အတွက် ပညာရေးနဲ့ပတ်သက်တဲ့အဝန်းအဝိုင်း ဖြစ်စေချင်ပါတယ်။

မြောက်ဥက္ကလာပက အသေးစားစက်မှုလက်မှု လုပ်ငန်းလေးတွေများပြီး လူဦးရေထူထပ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိအောင်၊ မြောက်ဥက္ကလာပမှာရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေမှာ ရသင့်ရထိုက်တဲ့ ကိုဗစ်ကာလ ကုစားတဲ့ချေးငွေတွေ ရရှိအောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ စိတ်ကူးထားပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိစေချင်ပါတယ်။ မြို့နယ်သုံးခုက သဘောသဘာဝ သုံးခုဖြစ်နေတဲ့အတွက် သုံးမြို့နယ်လုံးကို ထိန်းညှိပြီး ဆောင်ရွက်သွားပါမယ်။

နောက်ထပ် ထူးထူးခြားခြားအနေနဲ့ လူငယ်တွေအတွက် အွန်လိုင်းကနေ သင်တန်းလေးတွေပေးနေပါတယ်။ အဲဒီ လူငယ်တွေကနေ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် တွန်းအားပေးနေပါတယ်။ လူငယ်တွေအတွက် အထူးသဖြင့် ပြည်ပပညာသင်ဆုတွေ ရရှိဖို့ကိစ္စတွေနဲ့ ပညာရေးအမြင်ကျယ်ပြီး ပွင့်လင်းအောင် တွန်းအားပေးဆောင်ရွက်ချင်ပါတယ်။ ကျွန်တော့်ရဲ့မြို့နယ်က ပြည်သူတွေကို ပိုင်ပိုင်နိုင်နိုင် ကတိပေးနိုင်တာ နှစ်ချက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လျှောက်တဲ့အချိန်မှာလည်း ပါတီကို ပေးခဲ့တဲ့ကတိပါ။ ပထမအချက်အနေနဲ့ ကျွန်တော် ရိုးသားပါမယ်။ ဒုတိယအချက်အနေနဲ့ကြိုးစားပါမယ်လို့ ပြောချင်ပါတယ်။

**ဦးဘမျိုးသိန်း [ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ]**

ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှာ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌတာဝန်ကို ယူခဲ့ပါတယ်။ တောင်သူလယ်သမားတွေနဲ့ပတ်သက်တဲ့ အကျိုးစီးပွားတွေ၊ အခွင့်အရေးတွေ၊ လယ်ယာထုတ်ကုန်ပစ္စည်းတွေတိုးမြှင့်နိုင်ဖို့၊ ဈေးကွက်ကို မှန်မှန်ကန်ကန် ရောက်ရှိဖို့၊ တောင်သူလယ်သမားအဖွဲ့အစည်းတွေ ပေါ်ပေါက်ဖို့ စတဲ့ ကော်မတီရဲ့တာဝန်တွေကို ထမ်းဆောင်ခဲ့တယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအပိုင်းနဲ့ တောင်သူလယ်သမားတွေ လက်ရှိရင်ဆိုင်နေရတဲ့ မြေသိမ်းခံရမှုကိစ္စတွေစတဲ့ အပိုင်းနှစ်ပိုင်းကို လွှတ်တော်မှာ မေးခွန်းမေးတာတွေရှိတယ်။ အဆိုတင်သွင်းတာတွေ ရှိတယ်။ ဆွေးနွေးပွဲလုပ်တာတွေရှိတယ်။ ဒ့ါအပြင် ပညာပေးသင်တန်းတွေနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေတက်ပြီး ပါဝင်ဆွေးနွေးတာတွေ ရှိပါတယ်။

ကျွန်တော်တို့ ရေးရာကော်မတီကို ဥပဒေနှစ်ခု တာဝန်ပေးပါတယ်။ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေနဲ့ စာတိုက်ကြီးဥပဒေပါ။ စာတိုက်ကြီးဥပဒေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ တွေ့ဆုံဆွေးနွေးပြီး ပြန်လည်ရေးဆွဲခဲ့ပါတယ်။ ပြင်ဆင်ခဲ့ပါတယ်။ မြေသိမ်းအက်ဥပဒေက ကျွန်တော်တို့မြန်မာနိုင်ငံမှာ အရေးကြီးတယ်။ ဒီဥပဒေကို ကောင်းအောင် ဆောင်ရွက်ပေးနိုင်ရင် မြန်မာနိုင်ငံအတွက်ရော၊ တောင်သူလယ်သမားတွေအတွက်ရော ပိုကောင်းမွန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ကော်မတီက ဒီဥပဒေကို အသစ်ရေးဆွဲကြမယ်ဆိုပြီး တိုင်ပင်ကြတယ်။ အကြိမ်ကြိမ်တိုင်ပင်ဆွေးနွေးပြီး လွှတ်တော်မှာ အတည်ပြုပေးနိုင်ခဲ့တယ်။ လယ်ယာမြေနဲ့ပတ်သက်တဲ့ဥပဒေတွေကို ဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ ဥပဒေပြဋ္ဌာန်းချက်တွေ၊ နည်းဥပဒေနဲ့အညီ သက်ဆိုင်တဲ့ အစိုးရဝန်ကြီးဌာနတွေက ဆောင်ရွက်မှု ရှိ၊ မရှိကို အဓိကထားပြီးတော့ စောင့်ကြည့်ထိန်းသိမ်းပေးတယ်။

လာမယ့်လွှတ်တော်သက်တမ်းငါးနှစ်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်လို့ရတာတွေအများကြီးရှိပါတယ်။ တချို့ဥပဒေနဲ့ပတ်သက်လို့ ပြန်ပြီးတော့ ဆွေးနွေးဖို့လိုတယ်။ နည်းဥပဒေတွေမှာ လိုအပ်နေတာတွေကို ဆွေးနွေးဖို့လိုတယ်။ ဒါတွေကို သေချာကြည့်ပြီးတော့မှ ခေတ်ကာလနဲ့အညီ ဒီဥပဒေတွေကို ဆွေးနွေးဖို့လိုပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးအပိုင်းတွေမှာ အထွက်တိုးလာအောင်နဲ့ သား၊ ငါးကဏ္ဍ တိုးတက်အောင်ထုတ်လုပ်ဖို့ လိုအပ်သလို ထွက်ရှိလာတဲ့အချိန်မှာ ဈေးကွက်မီဖို့၊ သင့်တင့်တဲ့ဈေးရဖို့ အချိတ်အဆက်တွေ လုပ်ပေးရမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာလည်း တောင်သူတွေရော၊ လုပ်ငန်းရှင်တွေရော ပူးပေါင်းပြီးလုပ်ကြမှ သီးနှံတွေထွက်လာတဲ့အချိန် ဈေးကွက်ဝေစုရဖို့အတွက် ဝန်ကြီးဌာနတစ်ခုတည်းမက ဝန်ကြီးဌာန သုံးခု၊ လေးခု အကုန်လုံးချိတ်ဆက်ပြီး တိုင်ပင်ကိုက်လုပ်သွားရမယ့်ကိစ္စတွေ ရှိပါတယ်။ ဒါတွေကို ဆောင်ရွက်သွားပါမယ်။

**ဒေါက်တာတင်မောင်ထွန်း [ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉) ]**

ကျွန်တော်တို့နိုင်ငံမှာ အရေးတကြီးလိုအပ်နေတာက ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ မြှင့်တင်ဖို့ပါ။ အဓိက ကျန်းမာရေးနဲ့ပတ်သက်ရင် ကျန်းမာရေးဝန်ထမ်းတွေ အများအပြားမွေးထုတ်ပေးဖို့၊ ပညာရေးနဲ့ပတ်သက်ရင်လည်း နိုင်ငံသားတိုင်း စာတတ်မြောက်ဖို့အတွက် အနည်းဆုံး အလယ်တန်းအဆင့်အထိ မသင်မနေရဖြစ်စေချင်တယ်။

လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်မှုလည်း ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများရဲ့ ဘဝဟာ တိုးတက်မှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ရဲ့မိခင်ပါတီဖြစ်တဲ့ NLD ရဲ့ မူဝါဒလမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း ပြည်သူတွေကို ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အတတ်နိုင်ဆုံး အလုပ်အကျွေး ပြုရမယ့်တာဝန်ရှိတယ်။ လွှတ်တော်သက်တမ်းအတွင်း ပါတီရဲ့ မူဝါဒလမ်းညွှန်ချက်အတိုင်း ပြည်သူ့ကောင်းကျိုးကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားပါမယ်။

**ဦးအောင်မျိုးလတ် [ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ]**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းအတွင်းမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က မြို့နယ်တွေကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင်ခဲ့တယ်။ လွှတ်တော်မှာလည်း တကယ့်အရေးကြီးတဲ့ မူဝါဒပိုင်းတွေကို အများကြီးဆွေးနွေးနိုင်ခဲ့တယ်။ အဓိကကျတာတွေကို ဆွေးနွေးနိုင်ခဲ့တယ်။ အကြံတွေအများကြီးပေးနိုင်ခဲ့တယ်။

အခုလာမယ့် တတိယအကြိမ်လွှတ်တော်သက်တမ်းမှာ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအကျဆုံးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စ၊ နောက်တစ်ချက်က တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံဈေးကွက်ကိစ္စနှစ်ခုကို လုပ်ရမယ်။ စိုက်ပျိုးသီးနှံဈေးကွက်ရရှိဖို့ဆိုရင် နိုင်ငံကြီးတစ်ခုတည်းမှာ အမှီပြုနေတာမျိုးမဟုတ်ဘဲ နိုင်ငံတော်တော်များများကို စုံစုံလင်လင်ပို့နိုင်ဖို့ အရေးကြီးတယ်။ ဒါဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးဟာ အဓိကဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးသီးနှံတောင်သူနဲ့ပတ်သက်ပြီး အလယ်ပိုင်းဒေသတွေမှာဆို ရာသီဥတုမမှန်ကန်တဲ့အတွက် မိုးကောင်းသောက်တွေ၊ ဆည်ရေသောက်တွေက အဆင်မပြေဘူး။ ဒါကြောင့် စိုက်ပျိုးရေးရရှိဖို့ အဓိကကျတယ်။ ဒါတွေကို ဖြေရှင်းဖို့ စဉ်းစားထားတာရှိပါတယ်။ ပညာရေးပိုင်းနဲ့ပတ်သက်ပြီး အခမဲ့ပညာရေးကဏ္ဍပေါ့။ မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့်တွေကို အခမဲ့ပညာရေးလုပ်တာက ဘာသိသာလည်းဆိုတော့ ကျောင်းနေနှုန်းမြင့်လာတယ်။ လက်ရှိအစိုးရသက်တမ်းမှာ အဆင့်တိုးမြှင့်ပေးသင့်တဲ့ကျောင်းတွေ အဆင့်တိုးပေးတဲ့အတွက် ကလေးတွေ ကျောင်းနေမြဲလာတယ်။ ကျောင်းနေနှုန်းမြင့်လာတယ်။ အခုလက်ရှိမှာကလေးဗဟိုပြု သင်ကြားရေးပုံစံမျိုးကို စနစ်တကျပြုပြင်ပြောင်းလဲလာတယ်။ ဒါကြောင့် မကြာခင်မှာ ထိရောက်တဲ့ အကျိုးရလဒ်တွေထွက်လာပါမယ်။ လက်ရှိမှာလည်း သိသာမြင်သာတဲ့ အကျိုးရလဒ်တွေရှိပါတယ်။

လက်ရှိ လွှတ်တော်သက်တမ်းမှာ လုပ်စရာတွေ တော်တော်များပါတယ်။ ကိုဗစ်-၁၉ အလွန်မှာ ရုန်းကန်ရမယ့်စီးပွားရေးကိစ္စတွေ အများကြီးရှိတယ်။ ကျွန်တော်တို့က ဘယ်လိုလုပ်မယ်ဆိုတာထက် ဖြစ်ပေါ်လာတဲ့အခြေအနေအပေါ် ကြိုးစားပြီး လုပ်ကိုင်ရမှာတွေ ရှိပါတယ်။ နောက်မဟာဗျူဟာရွေးထားတဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ထားတာရှိပါတယ်။ ဒီသက်တမ်းအတွင်း ကျွန်တော်တို့ တိုင်းပြည်ငြိမ်းချမ်းရေးအတွက်ရော တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေးအတွက်ရော၊ ပညာရေး၊ ကျန်းမာရေးအတွက်ရော၊ အားလုံးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့နှစ်လည်းဖြစ်နေပါတယ်။

**ဒေါက်တာအောင်လင်း [ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ]**

လာမယ့် လွှတ်တော်ငါးနှစ်တာသက်တမ်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ အကျပ်အတည်းဖြစ်တဲ့၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအဟန့်အတားလည်းဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ပထမကြိုးစားဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒေသဖွံ့ဖြိုးရေးအပိုင်းပါ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းက လယ်ယာကို အဓိကအခြေခံပါတယ်။ ကျေးလက်နေပြည်သူလူထုတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဓိကဆောင်ရွက်မယ်။ ကျွန်တော်တို့က စက်မှုနိုင်ငံကို အခြေခံထားတာမဟုတ်ဘဲ စိုက်ပျိုးရေးကို အခြေခံတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းကို နည်းပညာအဆင့်မြင့်မြင့်နဲ့ သွားနိုင်မယ်ဆိုရင် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ လျင်လျင်မြန်မြန်ရောက်ရှိမယ်လို့ ယုံကြည်တယ်။

နောက်တစ်ခုက မွေးမြူရေးကဏ္ဍပါ။ ကျွန်တော်ကိုယ်တိုင်က တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပြီး ဝန်ထမ်းဘဝနဲ့လည်း အချိန်အကြာကြီး ကျင်လည်ခဲ့တယ်။ ဒါကြောင့် ကျေးလက်နေပြည်သူလူထုနဲ့ ထိတွေ့မှုရှိတယ်။ ကျွန်တော်တို့နိုင်ငံက မွေးမြူရေးကဏ္ဍမှာလည်း နောက်ကျနေတာတွေရှိတယ်။ မွေးမြူရေးကဏ္ဍမှာ ထုတ်ကုန်တွေကို ကျန်းမာရေးနဲ့ညီညွတ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ ပြည်ပထုတ်ကုန်အဖြစ် ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျင်လျင်မြန်မြန်ရရှိမှာပါ။ ဒါတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက SME ကဏ္ဍပါ။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးတွေနည်းတူ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ရပါမယ်။ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စတင်မဲဆွယ်စည်းရုံးစဉ်ကတည်းက ကျွန်တော့်ရဲ့မျှော်မှန်းချက် လုပ်ငန်းစဉ်က ဒီကိစ္စတွေပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ် တာဝန်ယူတဲ့အချိန်မှာလည်း ဒီကိစ္စတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ **စာမျက်နှာ ၅ သို့** ❐

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြခဲ့သည့် သတင်းအင်တာဗျူး၌ပါရှိသော ဦးအေးလွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒဂုံမြို့သစ်တောင်ပိုင်း(အစား) ဒဂုံမြို့သစ်တောင်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းအဖွဲ့**

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(UPR) လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံ၏ UPR တတိယအကျော့ အစီရင်ခံစာ သုံးသပ်မှုပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၅

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(UPR)လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် မြန်မာနိုင်ငံ၏ တတိယအကြိမ် UPR အစီရင်ခံစာသုံးသပ်မှုပြုလုပ်ဆောင်ရွက်ကြသည်။

အစီရင်ခံစာသုံးသပ်မှုသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်ဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမြင့်သူနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဂျီနီဗာမြို့မှလည်းကောင်း ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်လျက်ရှိပြီး လူ့အခွင့်အရေး လေးစားလိုက်နာခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့သည် စစ်မှန်သောဒီမိုကရေစီ ဖော်ဆောင်ရာတွင် အခြေခံလိုအပ်ချက်များ ဖြစ်ပါကြောင်း၊ နှစ်ပေါင်း (၇၀)ကျော်ကြာ ဖြစ်ပွားနေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီလာခံကို (၄)ကြိမ်မြောက် ကျင်းပခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တည်ဆဲဥပဒေများကို ဒီမိုကရေစီစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်စေရေးအတွက် အစီရင်ခံသည့် (၅)နှစ်တာကာလအတွင်း စုစုပေါင်းဥပဒေ ၁၈၅ ခုကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိကာလတွင် ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်တွန်းလှန်နိုင်ရေးအတွက် မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မထားရေးမူဝါဒအရ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(COVID-19 Economic Relief Plan-CERP)ဖြင့် နိုင်ငံတစ်ဝန်း ဘဏ္ဍာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုစားမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာများချမှတ်၍ လွတ်လပ်သော တရားစီရင်ရေး၊ ဥပဒေအသိပညာပြန့်ပွားရေး၊ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေး၊ မှုခင်းစီမံခန့်ခွဲမှုစနစ်ဖြင့် တရားရုံးလုပ်ငန်းများ ထိရောက်မှန်ကန်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ လွတ်လပ်သော စုံစမ်းစစ်ဆေး ရေးကော်မရှင်(ICOE) အစီရင်ခံစာအရ ကျူးလွန်သူများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့က ဦးဆောင်၍ စုံစမ်းစစ်ဆေးအရေးယူလျက်ရှိပါကြောင်း။

အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်တစ်ရပ်ကို အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ခဲ့ကြောင်း၊ အမုန်းတရားများ ကာကွယ်တားဆီးရေးဥပဒေကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီစနစ်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အဘက်ဘက်က ပံ့ပိုးကူညီခဲ့ကြသော မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာအပေါ် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၀၇ နိုင်ငံက ဆွေးနွေးမေးမြန်းအကြံပြုကြသည်။

အဆိုပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအဖွဲ့ခေါင်းဆောင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ကျင့်သုံးခြင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးကို ရှေးရှုသည့် စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အလေးထားဆောင်ရွက်နေပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးအစီအစဉ်ကို ချမှတ်ခဲ့ပြီး စေ့စပ်ဆွေးနွေးမှုများမှတစ်ဆင့် ပဋိပက္ခများ ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ် တည်ဆောက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ IDP စခန်းများ ပိတ်သိမ်းရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်များဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်လက်ခံရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်က လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များသို့ ပါဝင်ရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က အမုန်းတရားများ ကာကွယ်တားဆီးရေးဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်နေမှုနှင့် သတင်းလွတ်လပ်ခွင့်ကိစ္စများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်က စီးပွားရေးနှင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများအတွက် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်း(Responsible Business)ကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပညာရေး၊ ကျန်းမာရေး၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကိစ္စများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးချုပ် အောင်ဌေးမြင့်က အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှု၊ အကျဉ်းသားများကိစ္စ၊ တာဝန်ယူမှုတာဝန်ခံမှုတို့နှင့် စပ်လျဉ်းသည့် ကိစ္စများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက IDP စခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်နေမှု၊ ကျား/မတန်းတူညီမျှရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက တည်ဆဲဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ်ရေး၊ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးလှုပ်ရှားသူများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်နှင့် မြေယာပိုင်ဆိုင်မှုကိစ္စရပ်များကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက အလုပ်သမားအခွင့်အရေး၊ အတင်းအဓမ္မစေခိုင်းမှု ကာကွယ်တားဆီးရေး၊ လူမှုဖူလုံရေး ပံ့ပိုးမှုများနှင့် နိုင်ငံသားကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးဖြေကြားခဲ့ကြသည်။

သုံးသပ်မှုအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ်က ယခု သုံးသပ်မှုခံယူသည့် အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် အကြံပြုတိုက်တွန်းချက်များ ပေးခဲ့ကြသည့် နိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ လူ့အခွင့်အရေးကို ဖော်ဆောင်ရာတွင် မတူကွဲပြားမှုနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကို အထူးအလေးထားကာ မတူကွဲပြားခြားနားသည့် လူ့အသိုက်အဝန်းတွင် ပြည်သူများ ဟန်ချက်ညီစွာ ရပ်တည်နိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးနေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ UPR လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရာ၌ လိုအပ်ချက်ဖြစ်သော လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာ တင်သွင်းခဲ့သည့် ကိစ္စနှင့်စပ်လျဉ်းသည့် UPR လုပ်ငန်းအဖွဲ့၏ ကနဦးအစီရင်ခံစာကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံက အတည်ပြုလက်ခံခဲ့သော အကြံပြုချက်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများကို စတုတ္ထအကျော့ UPR အစီရင်ခံစာ(၂၀၂၅)ခုနှစ်တွင် တင်ပြရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



---

❒ စာမျက်နှာ ၄ မှ

**ဦးထန်ဆေး [အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)]**

ကျွန်တော်တို့ တမူးမြို့နယ်က အိန္ဒိယ-မြန်မာ နယ်စပ်မြို့ဖြစ်တယ်။ နယ်စပ်ဒေသဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပြောရင် ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ ဒေသလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့် ဒေသနဲ့ပတ်သက်ပြီး လိုအပ်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစားပြီးတော့ ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ နောက် ကျွန်တော်တို့ဒေသဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံနေထိုင်တဲ့ ဒေသလည်း ဖြစ်ပါတယ်။ ဒေသခံတွေနဲ့ တိုင်းရင်းသားနယ်မြေတွေမှာ လိုအပ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ ဆည်မြောင်း၊ လယ်ယာဖော်ထုတ်ရေး စတာတွေကိုလည်း ကြိုးစားဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီခြေလှမ်းစတင်နေတဲ့ကာလဖြစ်တဲ့အတွက် ဒီမိုကရေစီအခြေခိုင်မာအောင် လုပ်ဆောင်ဖို့ အဓိကတာဝန်ရှိတယ်လို့ယူဆပါတယ်။ လွှတ်တော်မှာ နိုင်ငံအတွက် အဓိကလိုအပ်တဲ့၊ ကျွန်တော်တို့လိုလားတဲ့ ငြိမ်းချမ်းရေးကိစ္စ၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးကိစ္စတွေနဲ့ ဥပဒေဆိုင်ရာကိစ္စတွေကိုလည်း တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာပါ။ ဒေသအခက်အခဲတွေကို ပြည်သူတွေက တင်ပြထားတာတွေရှိပါတယ်။ ဒေသအတွက် လိုအပ်ချက်ဆိုင်ရာမေးခွန်း မေးမြန်းတာတွေ ဆွေးနွေးတာလည်း လုပ်သွားမှာပါ။ သိမ်းဆည်းမြေကိစ္စ၊ ကိုယ့်ဒေသမှာရှိတဲ့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး စတဲ့ကိစ္စတွေနဲ့ ပတ်သက်တဲ့အဆိုတွေလည်း တင်ပြဆွေးနွေးဖို့ရှိပါတယ်။

**ဦးထွန်းထွန်းဦး [အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)]**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းမှာ သယံဇာတနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်ဖြစ်ပါတယ်။ အထူးတာဝန်အနေနဲ့ မူလက လျှပ်စစ်အင်ဂျင်နီယာဖြစ်တဲ့အတွက် လျှပ်စစ်ဝန်ကြီးဌာနရဲ့ဘတ်ဂျက်ကို စိစစ်တဲ့ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၃)ရဲ့အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ အခုသက်တမ်းမှာလည်း အကယ်၍ တာဝန်ထမ်းဆောင်ခွင့်ရမယ်ဆိုရင် ဒီတာဝန်နှစ်ခုကို ပြန်ပြီးထမ်းဆောင်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်လက်စအလုပ်တွေလည်းရှိတယ်။ လုပ်ငန်းရဲ့သဘောသဘာဝတွေလည်း နားလည်နေတဲ့အတွက် ဒီကော်မတီနှစ်ခုရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်မယ်လို့ ရည်ရွယ်ထားပါတယ်။

ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းအတွင်းမှာ ပြည်သူတွေရဲ့အသံတွေ နားထောင်၊ သူတို့ဆန္ဒကိုသိအောင် ကြိုးစားပြီးတော့ လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်း ၂၀ မေးမြန်းခဲ့ပါတယ်။ နောက်ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးမှု (၁၅) ကြိမ်၊ အမျိုးသားလွှတ်တော်မှာ ဥပဒေနဲ့ပတ်သက်ပြီးဆွေးနွေးတာ (၄)ကြိမ်၊ အဆိုနဲ့ပတ်သက်ပြီးဆွေးနွေးတာ (၄)ကြိမ် ဆွေးနွေးခဲ့တယ်။ ဒါတွေကိုလည်း စုပေါင်းပြီး စာအုပ်ထုတ်ထားတာရှိပါတယ်။ လွှတ်တော်အတွင်း ဆောင်ရွက်ချက်ကတော့ မှတ်တမ်းတင်လောက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခုတတိယအကြိမ်သက်တမ်းမှာလည်း ပြည်သူ့ရဲ့အသံကို နားထောင်၊ ပြည်သူ့ဆန္ဒကိုသိအောင် ကြိုးစားပြီး တတ်နိုင်သရွေ့ အခုလိုပဲ မေးခွန်းတွေ၊ အဆိုတွေနဲ့ ဥပဒေကြမ်းတွေ တင်သွင်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူကိုသတင်းစကားပါးချင်တာကတော့ ကျွန်တော်တို့ ဒီမိုကရေစီခရီးလမ်းက မပြီးဆုံးသေးပါဘူး။ အားလုံးလည်းကြားကြမှာပါ။ အမျိုးမျိုးသောအခက်အခဲ၊ အနှောင့်အယှက်တွေ အများကြီးကြုံတွေ့ရတယ်။ ပြီးခဲ့တဲ့သက်တမ်းအတွင်းမှာ တတ်နိုင်သရွေ့ ကြိုးစားထမ်းဆောင်ပြီး ဒီမိုကရေစီအုတ်မြစ် အခြေခံကတော့ မခိုင်သေးဘူးပေါ့။ အဲဒီတော့ ဒီမိုကရေစီအုတ်မြစ်အခြေခိုင်ဖို့ဆိုရင် ဒီငါးနှစ်သက်တမ်းမှာ ပြည်သူကကျွန်တော်တို့နဲ့အတူ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်းလက်တွဲပြီးဆောင်ရွက်ပေးမှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် နောင်လာနောက်သားတွေအတွက် ဒီမိုကရေစီအုတ်မြစ် အခြေခံခိုင်ခံ့အောင် ဒီငါးနှစ်သက်တမ်းအတွင်းမှာလည်း မားမားမတ်မတ် ဆက်လက်ရပ်တည်ပြီး ကျွန်တော်တို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြည်သူပြည်သားတွေကို ပန်ကြားလိုပါတယ်။

**ဦးကျော်တုတ် [အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)]**

ယခင်လွှတ်တော်သက်တမ်းမှာတော့ ကိုယ်စားပြု ပြည်နယ် မြို့တွေမှာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်ပေးခဲ့ပါတယ်။ အခုဆိုရင် ၂၀၂၁ ခုနှစ် နှစ်ကုန်မှာ ပုဂံညောင်ဦးမြို့နဲ့ ကျောက်ပန်းတောင်းမြို့နယ်တွေမှာ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးရရှိတော့မှာ ဖြစ်ပါတယ်။ အခုလာမယ့် လွှတ်တော်သက်တမ်းကာလမှာတော့ နှစ်မြို့နယ်လုံးကို ကျေးလက်လမ်းတွေ အားလုံးရအောင် လုပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်တွေ ကျေးရွာတိုင်းမှာ စက်ရေတွင်းတွေ ရှိနေပါပြီ။ ဒါပေမယ့် တချို့စက်ရေတွင်းတွေက သောက်သုံးရေအဆင့်အထိ မရသေးပါဘူး။ ဒါကြောင့် ကျေးလက်လမ်းနဲ့ သောက်သုံးရေ အဆင့်ပြည့်မီစွာ ရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ပါတီအတွက်၊ လွှတ်တော်အတွက်နဲ့ ပြည်သူတွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းရာမှာလည်း ပြည်သူ့ဆန္ဒအတိုင်း အဂတိကင်းရှင်းစွာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လာမယ့် ငါးနှစ်မှာလည်း ပြည်သူ့ဆန္ဒတွေနဲ့အညီ တောင်းဆိုတဲ့ အရာတွေကို လွှတ်တော်ကတစ်ဆင့် မေးခွန်းမေးမြန်းတောင်းဆိုမှုနဲ့ အပြင်မှာ အလွတ်သဘော တွေ့ဆုံတောင်းဆိုတာတွေကိုလည်း အဲဒီနည်းလမ်းနှစ်မျိုးနဲ့ အဂတိကင်းစွာဖြင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကျွန်တော့်မဲဆန္ဒနယ်က နေပြည်တော်ကနေသွားရင် မိုင် ၁၈၀ ပဲ ရှိတဲ့အတွက် လွှတ်တော်နားတဲ့ကာလ မဟုတ်သော်လည်း စနေ၊ တနင်္ဂနွေ နှစ်ရက်မှာ မဲဆန္ဒနယ်ကို ပြန်ပြီး ပြည်သူတွေနဲ့ တွေ့ဆုံပါတယ်။ လွှတ်တော်နားတဲ့ကာလတွေမှာတော့ အစီအစဉ်ဆွဲပြီး ပြည်သူတွေနဲ့တွေ့ဆုံပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်တာကာလမှာ ပညာရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ လူထုတွေ့ဆုံပွဲတွေ လုပ်ပါတယ်။ လာမယ့် ငါးနှစ်တာကာလမှာလည်း ဒီလိုတွေ့ဆုံပွဲတွေ လုပ်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။ လူထုတွေ့ဆုံပွဲတွေ မဟုတ်သော်လည်း သီးသန့်သွားပြီး တွေ့ဆုံပါတယ်။ လာမယ့် ငါးနှစ်တာကာလမှာ ပြည်သူတွေရဲ့ဆန္ဒတွေကို အဂတိကင်းရှင်းစွာနဲ့ အင်တိုက်အားတိုက် စွမ်းစွမ်းတမံဆောင်ရွက်သွားပါမယ်လို့ ပြည်သူတွေကို ပြောချင်ပါတယ်။

# လက်ရှိအစိုးရ၏ လက်ကျန်ရက်ပေါင်း(၁၀၀)

အောင်ထူး

*(ယမန်နေ့မှအဆက်)*

(၄) ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်း၊

ခရီးသွားလုပ်ငန်းများတွင် ခရီးသည်တစ်ဦးလျှင် အလုပ်အကိုင် လေးဦးခန့်ကို ဖန်တီးပေးနိုင်သဖြင့် ခရီးစဉ်များကို စီစဉ်ခြင်း၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်၊ ခရီးသွားပို့ဆောင်မှုအစီအစဉ်များကို ပံ့ပိုးပေးခြင်း၊ ခရီးစဉ်အသစ်နှင့် အတွဲလိုက်ခရီးစဉ်စီစဉ်မှု (Package Tours)များကို ပြုလုပ်ပေးခြင်း၊ ခရီးစဉ်အသစ်များကို တိုးချဲ့စီစဉ်ခြင်း(New Destinations)၊ မြန်မာ့လူနေမှုဘဝကို လေ့လာနိုင်သည့် အိမ်တွင် တည်းခိုခြင်း(Home Stay) နှင့် နေရာလပ်အိပ်ခန်းလွတ်များကို ဧည့်သည်များအား အင်တာနက်မှတစ်ဆင့် ငှားရမ်းခြင်း (Airbnb – Air Mattress bed and breakfast )ကဲ့သို့ ဆန်းသစ်သောနည်းများဖြင့် တည်းခိုနေရာများ ရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ခရီးသွားအာမခံနှင့် အရေးပေါ်လူနာပို့ဆောင်မှုအစီအစဉ်(Medical Evacuation) များကို စီစဉ်ဆောင်ရွက်ပေးခြင်း စသည်တို့အပြင် ဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များဟာ လက်ရှိပူးပေါင်းဆောင်ရွက်မှုအပြင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်း ကျေးလက်ခရီးသွားလုပ်ငန်းများမှာလည်း လက်ရှိအသေးစားကုန်တင်ယာဉ်များနဲ့ သွားလာနေမှုကနေ ပိုမိုဘေးကင်းပြီး စရိတ်သက်သာတဲ့ ကျေးလက်အခြေခံသယ်ယူပို့ဆောင်မှုစနစ်ကိုလည်း ဖော်ထုတ်သွားကြရမှာ ဖြစ်ပါတယ်။ သဘာဝခရီးသွားလုပ်ငန်း(eco-tourism) နဲ့ စွန့်စားလှုပ်ရှားခရီးသွားကဏ္ဍ (Adventure tours, mountaineer-ing, kayaking, hiking, jet-skiing, snorkeling, surfing, pleasure fishing etc.)စသည်များကိုလည်း အားပေးထူထောင်သွားရမှာ ဖြစ်ပါတယ်။

(၅) ပို့ကုန်ဈေးကွက်သစ်များရှာဖွေခြင်း (Diversification of Export Markets) နှင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်များအတွက် အရည်အသွေးမြှင့်တင်ခြင်း (Improving the Quality Infrastructure of "Made in Myanmar" Products)၊

- အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် သက်ဆိုင်ရာ ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံလုံးက ပြည်နယ်များနဲ့ပါ ချိတ်ဆက်တိုက်ရိုက်ကုန်သွယ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။
- ကုန်းလမ်းအပြင် ရေကြောင်းလမ်း၊ လေကြောင်းလမ်းနဲ့ နိုင်ငံတကာ ရထားလမ်းများမှပါ ကုန်သွယ်နိုင်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုမှာ အရေးပါတဲ့ ထောက်ပံ့ပံ့ပိုးမှုစနစ် (Logistics)၊ သိုလှောင်ရုံများ (Warehouses)၊ အအေးခန်းများ(Cold Storage)၊ ပြုပြင်ထုပ်ပိုးသည့်စနစ် (Packing Houses)များကို မြန်မာနိုင်ငံရဲ့ မဟာဗျူဟာကျတဲ့ နေရာများမှာ ထူထောင်သွားရမှာ ဖြစ်ပါတယ်။
- အိမ်နီးချင်းနိုင်ငံများအပြင် အာဆီယံလွတ်လပ်စွာကုန်သွယ်မှုဧရိယာ၊ အာဆီယံနဲ့ ပြင်ပတစ်နိုင်ငံချင်းစီမှာထားရှိတဲ့ လွတ်လပ်စွာကုန်သွယ်မှုဧရိယာ၊ (၁၅) နိုင်ငံပါဝင်တဲ့ ဒေသဆိုင်ရာ လွတ်လပ်စွာကုန်သွယ်မှုဧရိယာ (RCEP) တို့ကို အသုံးချပြီး ဈေးကွက်အသစ်များ ရှာဖွေရမှာဖြစ်သလို၊ တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံစုံကုန်သွယ်မှုစနစ် (multilateral trading system)အတွင်းမှာလည်း ကုန်သွယ်မှုတိုးတက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။
- ကုန်သွယ်မှုမှာ နည်းပညာဆိုင်ရာအတားအဆီးတွေ မဖြစ်ပေါ်စေရန် ထုတ်ကုန်အရည်အသွေး (quality infrastructure)၊ အပင်နှင့်အစားအစာ ဘေးကင်းမှု (Sanitary and Phytosanitary) စနစ်များကို မဖြစ်မနေ အထူးအရေးပေး၍ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ ထူထောင်ထားရှိရမှာ ဖြစ်ပါတယ်။

(၆) မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းသို့ ပါဝင်လာရန်ကြိုးပမ်းခြင်း (Graduation from Least Developing Countries Category)၊

- မြန်မာနိုင်ငံတွင် ကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရန် အားနည်းနေခြင်းမှာ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုပါတယ်။ နိုင်ငံအဆင့် ခွဲခြားမှုတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရခြင်းသည် အစိုးရ အချင်းချင်းဆိုင်ရာ ဖွံ့ဖြိုးမှုအထောက်အပံ့များ၊ အကောက်ခွန်လွတ်နှင့် ကိုတာမရှိသည့် ပို့ကုန်ပမာဏများကို ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပေးအပ်လက်ခံရရှိလျက်ရှိပါတယ်။ သို့သော်လည်း ပုဂ္ဂလိကလုပ်ငန်းများမှာမူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို စွန့်စားမှုကြီးသည့် နိုင်ငံများ(High Risk countries)ဟု သတ်မှတ်ထားပါတယ်။ စွန့်စားရမှုဟုဆိုရာတွင် စီးပွားရေးအရ စွန့်စားရမှုနှင့် စီးပွားရေးမဟုတ်သည့် စွန့်စားရမှုများ(commercial and non-commercial risks) များ ပါဝင်ပါတယ်။ စီးပွားရေးအရ စွန့်စားရမှုနှင့်ပတ်သက်၍ လုပ်ငန်းများအနေဖြင့် စွန့်စားရမှုလျော့နည်းအောင် စီးပွားရေးလုပ်ငန်းအာမခံ (business insurance) ထားရှိခြင်း၊ ကန်ထရိုက်တာများအတွက် contractor performance bonds ထားရှိခြင်းနှင့် forward purchase contracts for inputs များပြုလုပ်ခြင်းနှင့် ဈေးငွေစွန့်စားရမှုကို ခွဲဖြန့်ထားရှိခြင်းများကို ပြုလုပ်လေ့ရှိပါတယ်။ ယင်းစွန့်စားရမှုများကို စီမံရန်နှင့် လျော့နည်းသက်သာစေရန်မှာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့စွန့်ထွင် ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် မူတည်ပါတယ်။ စီးပွားရေးမဟုတ်သည့် စွန့်စားရမှုများတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၌ အများဆုံးတွေ့ရသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကြိမ်ဖန်များစွာ ကျရောက်မှုသည် အာမခံအတွက်ပေးရသည့် ပရီမီယံကြေးများကို မြင့်တက်လာစေပြီး ရင်းနှီးမြှုပ်နှံမှုစရိတ်ကို တိုးတက်လာစေပါတယ်။ စီးပွားရေးမဟုတ်သည့် စွန့်စားရမှုတွင် နိုင်ငံရေးအရ စွန့်စားရမှုဖြစ်ပါတယ်။ နိုင်ငံအစိုးရများ၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုများသည် ရင်းနှီးမြှုပ်နှံမှုမှ အမြတ်ရရှိနိုင်မှုကို လျော့နည်းစေပါတယ်။ ယင်းနိုင်ငံရေးကြောင့် ဖြစ်ပေါ်သည့် စွန့်စားရမှုကို လျော့နည်းသက်သာအောင် လုပ်နိုင်ပါက ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးတက်ရရှိစေမည်ဖြစ်ပါတယ်။ နိုင်ငံရေးအရ စွန့်စားရမှုများတွင် ငွေကြေးကို လွတ်လပ်စွာ လဲလှယ်နိုင်မှုမရှိခြင်း၊ ပြည်သူပိုင်သိမ်းခြင်း၊ စစ်ပွဲများနှင့် မြို့ပြဆူပူမှုများရှိခြင်း၊ အိမ်ရှင်အစိုးရအနေဖြင့် ကန်ထရိုက်စာချုပ်များကို ဖောက်ဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်း စသည်တို့ပါဝင်ပြီး စီးပွားရေးစွန့်စားရမှုနှင့် နိုင်ငံရေးအရ စွန့်စားရမှုများအကြား ကွဲပြားမှု မရှိခြင်းမှာလည်း စွန့်စားရမှုကို ပိုမိုကြီးမားစေပါတယ်။ အိမ်ရှင်နိုင်ငံ စီးပွားရေးအဆောက်အအုံ၏ ဥပဒေရေးရာနှင့် ငွေရေးကြေးရေးစနစ် အားနည်းချက်များ၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဝန်ဆောင်မှုများဆိုင်ရာ အကန့်အသတ်များ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းပြောင်းလဲမှုများ (အခွန်အကောက်၊ အတိုးနှုန်း၊ ဈေးငွေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပါအဝင်) စသည်များသည် သာမန်အားဖြင့် ပေးလျော်ရမည့် ရင်းနှီးမြှုပ်နှံမှု အာမခံပေါ်လစီများတွင် အကျုံးဝင်မှုမရှိသည်ကို တွေ့ရပါတယ်။

- ယင်းစွန့်စားရမှုများကို လျော့နည်းစေခြင်းနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ ကင်းလွတ်ခြင်းသည် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများကို ပိုမိုဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ ကင်းလွတ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် ပါဝင်လာရန် လာမည့်(၅) နှစ်အတွင်း ကြိုးပမ်းသွားသင့်ပါတယ်။

(၇) မဟာဗျူဟာမြောက် စက်မှုလုပ်ငန်းများကို ထူထောင်ခြင်းနှင့် ခေတ်သစ်စက်မှုတော်လှန်ရေးကို ဖြစ်ပေါ်စေတဲ့ လုပ်ငန်းများကို လက်ခံကျင့်သုံးခြင်း သို့မဟုတ် Industry 4.0 ကို ထူထောင်ခြင်း၊

- ရေတိုမှာ စီးပွားရေးတွက်ခြေမကိုက်နိုင်သော်လည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် မဟာဗျူဟာကျတဲ့ စက်မှုလုပ်ငန်းများ (SOEs)ကို နိုင်ငံတော်အစိုးရက ဦးဆောင်ထူထောင်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုထူထောင်ရာမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အုပ်ချုပ်မှုဒါရိုက်တာများပါဝင်သော ဘုတ်အဖွဲ့များကို ဖွဲ့စည်းခြင်း၊ စီးပွားရေးလုပ်ငန်းကျွမ်းကျင်သော အမှုဆောင်အရာရှိချုပ်များ (CEOs)ခန့်ထားခြင်း၊ ဈေးနှုန်းသတ်မှတ်မှုကို ဈေးကွက်ဈေးနှုန်းအပေါ် အခြေခံစေခြင်း၊ သင့်လျော်သည့် အမြတ်ရရှိရေးကို ဦးတည်ခြင်းများကို ဆောင်ရွက်စေသင့်ပါတယ်။
- အများပြည်သူများအတွက် အထောက်အကူပြုစေမယ့်လုပ်ငန်း (Public Goods, Electricity, Public Transport System, Water Supply, R&D) ကို အမြတ်မယူ၊ အရှုံးလည်းမဖြစ်စေတဲ့ ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက စိုက်ထုတ်ထူထောင်ပေးသွားရမှာ ဖြစ်ပါတယ်။
- နည်းပညာတော်လှန်ရေးတစ်ခုကို ကူးပြောင်းနေတဲ့ ကမ္ဘာတွင် မြန်မာ ၄ ဒသမ ၀ အဆင့်ကို ရောက်ရှိအောင် အစိုးရအနေနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများရရှိနိုင်မည့် မဟာဗျူဟာကျသည့် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားသင့်ပါတယ်။

(၈) အစိုးရ၏ဝန်ဆောင်မှုလုပ်ငန်းများနှင့် ညှိနှိုင်းမှုစနစ်ကို အွန်လိုင်းစနစ် (Acceleration of E-Government on Government services and coordination system) သို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲခြင်း၊ E-ID စနစ်ကို လာမည့် (၅) နှစ်အတွင်း မဖြစ်မနေ အကောင်အထည်ဖော်ခြင်း၊

(၉) အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) နှင့် ဒေသဆိုင်ရာ လွတ်လပ်စွာကုန်သွယ်မှုဧရိယာ (RCEP)စနစ်အတွင်းသို့ ထဲထဲဝင်ဝင်နှင့် ထိထိရောက်ရောက် ပါဝင်ခြင်း (intensification in regional integration)၊

(၁၀) မဟာဗျူဟာမြောက်လမ်းမကြီးများ၊ ရထားလမ်းများနှင့် ပင်လယ်ရေကြောင်း ဆက်သွယ်မှုလမ်းကြောင်းများကို ထူထောင်ခြင်း (Strategic Infrastructure)၊

- မြန်မာနိုင်ငံကမ်းရိုးတန်းတစ်လျှောက် ပြည်တွင်း၊ ပြည်ပဆိပ်ကမ်းများကို ထူထောင်ခြင်း (မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ပုသိမ်၊ မီးလင်းချိုင့်၊ ကျောက်ဖြူ၊ စစ်တွေ နိုင်ငံတကာဆိပ်ကမ်းနှင့် ရေနက်ဆိပ်ကမ်းများ)၊ ဓာတ်အားပို့လွှတ်မှုလိုင်းများ ကွန်ရက်ကို နိုင်ငံဒေသအသီးသီးသို့ ရောက်ရှိအောင်ထူထောင်ခြင်း စသည်များကို ဆောင်ရွက်သွားသင့်ပါတယ်။

(၁၁) ပညာရေးစနစ်ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း (Modernization of Education System) နှင့် အသက်မွေးဝမ်းကျောင်းပညာရေးကို အကြီးအကျယ်မြှင့်တင်ခြင်း (Massive promotion of Technical and Vocational Education)

(၁၂) အငြိမ်းစားပင်စင်စနစ်ကို ပြုပြင်ခြင်း (Reforms of Government Pension System) နှင့် အလုပ်သမားနှင့် အလုပ်ရှင်ပါဝင်သည့် လူမှုဖူလုံရေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်း (Reforms of Social Security System) နှင့် ဝန်ထမ်းနေသင်ရေးရန်ပုံငွေစနစ် (Establishment of Central Providence Fund) ကို ထူထောင်ခြင်း၊

- အစိုးရပင်စင်စနစ်ကို နိုင်ငံအုပ်ချုပ်ရေးဝန်ထမ်းများအတွက်သာ ဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။
- ပုဂ္ဂလိကနဲ့ အစိုးရစီးပွားရေးလုပ်ငန်းများအတွက် အလုပ်သမား၊ အလုပ်ရှင်နဲ့ အစိုးရထည့်ဝင်ပေးတဲ့ ဝန်ထမ်းနေသင်ရေးရန်ပုံငွေကို ထူထောင်ပေးရန်ဖြစ်ပါတယ်။
- ယင်းဝန်ထမ်းနေသင်ရေးရန်ပုံငွေကို ဝန်ထမ်းနှင့် အလုပ်သမားများအား နေအိမ်နှင့် မတည်ပစ္စည်းများ ဝယ်ယူရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ပြန်လည်ချေးငှားခြင်း၊ အိုးအိမ်ထူထောင်မှုလုပ်ငန်းများ (Public Housing)နဲ့ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းများမှာ အစိုးရရဲ့ ရသုံးမှန်းခြေငွေစာရင်း ပြင်ပဖွံ့ဖြိုးမှုရန်ပုံငွေ (Extra Budgetary Development Fund)အဖြစ်ပြန်လည်မြှုပ်နှံ ထိရောက်စွာ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားသင့်ပါတယ်။

(၁၃) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Private Sector Development) နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုယန္တရားကို ခိုင်မာစေခြင်း (Strengthening of Public-Private Partnership Mechanism)

(၁၄) ဈေးကွက်စီးပွားရေးစနစ်ကို စာရင်းမဝင်သော စီးပွားရေးစနစ် (Informal Sector) မှ စာရင်းဝင်စီးပွားရေးစနစ် (Formal Sector) သို့ အသွင်ပြောင်းခြင်း၊

(၁၅) လယ်ယာကဏ္ဍအား ဈေးကွက်စီးပွားရေးကို အခြေခံ (market-based) သည့် ဘက်စုံလယ်ယာစိုက်ပျိုးမွေးမြူရေးစနစ် (All round development of Agriculture System) သို့ အသွင်ကူးပြောင်းခြင်း၊

(၁၆) ငွေကြေးအရင်းအမြစ်များကို စုဆောင်းပေးနိုင်ပြီး ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ဘဏ်နှင့် ငွေကြေးစနစ်များကို ထူထောင်ခြင်းစသည်တို့ ဖြစ်ပါတယ်။

အထက်မှာဖော်ပြတဲ့အချက်တွေဟာ ပြည့်စုံတဲ့စာရင်း(Exhautive)တော့ မဟုတ်ပါဘူး၊ ဒီအချက်တွေအပေါ်မှာ အများက ဝေဖန်ဖြည့်စွက်ဆွေးနွေးမှုကို ဖြစ်ပေါ်စေမယ်လို့ ယုံကြည်ပါတယ်။ ဒီအချက်တွေဟာ CERP, MERRP နဲ့ MSDP တို့ကို အထောက်အကူပြုမယ့် မဟာဗျူဟာကျတဲ့ အချက်အချို့ကို ကောက်နုတ်ရွေးချယ်ဖော်ပြခြင်း ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့တဲ့ မြန်မာ့စီးပွားရေးအတွက် အစိုးရသစ်အနေနဲ့ ထည့်သွင်းစဉ်းစားသင့်တဲ့ မဟာဗျူဟာအရ အရေးပါမယ့်အချက်တွေကို ဖြည့်စွက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ဖြစ်စဉ်လမ်းကြောင်းကို ဆောလျင်စွာ ပြန်လည်ရောက်ရှိမည်လို့မျှော်လင့်ပါကြောင်းနဲ့ လက်ရှိအစိုးရအနေနဲ့ လက်ကျန်ရက်ပေါင်း(၁၀၀) မှ ချမှတ်သင့်တဲ့ အခြေခံအုတ်မြစ်များကို အကြံပြုတင်ပြအပ်ပါတယ်။

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့တဲ့ မြန်မာ့စီးပွားရေးအတွက် အစိုးရသစ်အနေနဲ့ ထည့်သွင်းစဉ်းစားသင့်တဲ့ မဟာဗျူဟာအရ အရေးပါမယ့်အချက်တွေကို ဖြည့်စွက်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ဖြစ်စဉ်လမ်းကြောင်းကို ဆောလျင်စွာ ပြန်လည်ရောက်ရှိမည်လို့ မျှော်လင့်ပါကြောင်းနဲ့ လက်ရှိအစိုးရအနေနဲ့ လက်ကျန်ရက်ပေါင်း(၁၀၀) မှ ချမှတ်သင့်**

*(အထက်ပါဆောင်းပါးသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။)*
*(ဆောင်းပါးရှင်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးဖြစ်ပါသည်။ )*

# COVISHIELD ကာကွယ်ဆေး သဘာဝကလည်း ဘေးထွက်ဆိုးကျိုး အလွန်တရာ နည်းပါးတဲ့ ဆေးဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကတော့ အကျိုးပိုများပါတယ်။ အပြစ်က နည်းနည်းလေးပဲရှိတယ်။ ဒါကြောင့် အကျိုးများလို့ ထိုးရမှာဖြစ်ပါတယ်။

ဒေါက်တာထွန်းမြင့်

တွေ့ဆုံမေးမြန်း- သီသီမင်း၊ မင်းသစ်(MNA)

ဓာတ်ပုံ- ဥက္ကါဖြိုး

**အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းခဲ့သည့် COVISHIELD ကိုဗစ်ကာကွယ်ဆေးများအား စနစ်တကျ သိုလှောင်ထားရှိမှု၊ နေရာအနှံ့ ကာကွယ်ဆေး ထိုးနှံနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကာကွယ်ဆေးများ ပို့ဆောင်ပေးနေမှု၊ ကိုဗစ်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးကာ လေ့ကျင့်ပေးနေမှုနှင့် ကာကွယ်ဆေးနှင့်ပတ်သက်သည့် အကြောင်းအရာများအား ပြည်သူများသိရှိနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။**

**မေး။ ။ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံကို လှူဒါန်းထားတဲ့ COVISHIELD ကိုဗစ် ကာကွယ်ဆေးတွေကို ဘယ်လိုစီမံ ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။ ။** အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံကို COVISHIELD ကိုဗစ်ကာကွယ်ဆေးကို လှူပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ အိန္ဒိယအစိုးရနဲ့ ပြည်သူတွေက မြန်မာနိုင်ငံကို လှူဒါန်းတဲ့ COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေးက ဇန်နဝါရီ ၂၂ ရက်နေ့ မွန်းလွဲ နှစ်နာရီခွဲမှာ Air India လေကြောင်းလိုင်းနဲ့ ရန်ကုန်လေဆိပ်ကို ရောက်ရှိလာတာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ ပမာဏကတော့ ပထမဦးဆုံးအနေနဲ့ ထိုးဆေး တစ်သန်းခွဲရောက်ရှိလာတာ ဖြစ်တဲ့အတွက် လူဦးရေ ခုနစ်သိန်းခွဲစာ ရောက်ရှိလာတာ ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေကို အအေးခန်းပါတဲ့ ယာဉ်နှစ်စီးနဲ့ ကျိုက်ဝိုင်းဘုရားလမ်းမှာရှိတဲ့ ဗဟိုကာကွယ်ဆေးသိုလှောင်ရုံကို ပို့ပါတယ်။ အဲဒီကိုပို့ပြီး စနစ်တကျ ထိန်းသိမ်းထားပါတယ်။ နှစ်ဒီဂရီစင်တီဂရိတ်မှ ရှစ်ဒီဂရီစင်တီဂရိတ်ဟာ ပုံမှန်ကာကွယ်ဆေးထိုးရာမှာသုံးနေတဲ့ ကာကွယ်ဆေးတွေရဲ့ သိုလှောင်တဲ့ အပူချိန်ပါပဲ။ ဒီအတွက် ကြီးကြီးမားမားတော့ ပြောင်းလဲပြီး ဆောင်ရွက်ရတာ မရှိပါဘူး။ လုံခြုံရေးကအစ အစစအရာရာ အထူးဂရုစိုက်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်းတင်ပြပြီး လေဆိပ်ကနေ Central Cold Room ကိုရောက်တဲ့အထိ နောက်ပြီး Cold Room မှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အစီအစဉ်နဲ့ လုံခြုံရေး အပြည့်အဝယူပြီး ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ထားပါတယ်။ အပူချိန် Cold Chain မပြတ်ရေးအတွက် ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ကာကွယ်ဆေး ရောက်လာမယ်ဆိုကတည်းက ပြင်ဆင်ရတာ ရှိပါတယ်။ ကာကွယ်ဆေး မရောက်လာခင်ကတည်းက အအေးခန်းတွေကို စိစစ်ဆောင်ရွက်ထားပါတယ်။ အားလုံး အဆင်သင့်ဖြစ်နေတဲ့ အနေအထားမှာ ထားသိုတာ ဖြစ်ပါတယ်။ နောက်တစ်နေ့မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို ဖြန့်ဝေပါတယ်။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို သွားနေကြပါပြီ။

**မေး။ ။ ကာကွယ်ဆေးကို ဘယ်လိုအစီအစဉ်တွေချမှတ်ပြီး ထိုးနှံပေးသွားမယ်ဆိုတာ သိချင်ပါတယ်။**

**ဖြေ။ ။** ဇန်နဝါရီ ၂၇ ရက်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေး စတင်ထိုးပေးနိုင်မယ့် အခြေအနေရှိပါတယ်။ ကာကွယ်ဆေးထိုးနှံပေးဖို့ ဦးစားပေးအုပ်စုတွေ သတ်မှတ်ထားတာရှိပါတယ်။ ကာကွယ်ဆေးရရှိတဲ့အပေါ်မူတည်ပြီး ဦးစားပေးအဆင့်နဲ့ တဖြည်းဖြည်းချင်း ထိုးပေးသွားမယ့်အစီအစဉ် ရှိပါတယ်။ ကနဦးအနေနဲ့တော့ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ တိုက်ဖျက်ရေးမှာ ရှေ့တန်းကပါနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။ နောက်ပြီး ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရအဖွဲ့ဝင်တွေကို အစဉ်လိုက် ကာကွယ်ဆေးထိုးနှံသွားဖို့ရှိပါတယ်။ ကာကွယ်ဆေး ထပ်မံရရှိလာမယ့်အပေါ် ဦးစားပေးလျာထားတဲ့ အုပ်စုတွေကို တဖြည်းဖြည်းချင်း ဆောင်ရွက်ပေးသွားပြီး တစ်နိုင်ငံလုံးကို အမြန်ဆုံးလွှမ်းခြုံနိုင်အောင် နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ကလည်း ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

နောက်ပြီး ကိုဗစ်ကာကွယ်ရေး လုပ်နေတဲ့ Quarantine ကုသရေးဆေးရုံတွေ၊ ကုသရေးစင်တာတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ စေတနာ့ဝန်ထမ်းတွေကိုလည်း ဦးစားပေးအစဉ်လိုက် ထိုးနှံပေးသွားဖို့ရှိပါတယ်။ ပြီးရင်တော့ နိုင်ငံ့ဝန်ထမ်းတွေစသဖြင့် အစဉ်လိုက် ထိုးနှံသွားဖို့ ရှိပါတယ်။ ကာကွယ်ဆေး ရရှိတဲ့အပေါ်မူတည်ပြီး တဖြည်းဖြည်းချင်းတိုးချဲ့ပြီး အားလုံးလွှမ်းခြုံအောင် ထိုးနှံသွားဖို့ရှိတယ်။




> **ဇန်နဝါရီ ၂၇ ရက်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေး စတင်ထိုးပေးနိုင်မယ့် အခြေအနေရှိပါတယ်။ ကာကွယ်ဆေး ထိုးနှံပေးဖို့ ဦးစားပေးအုပ်စုတွေ သတ်မှတ်ထားတာ ရှိပါတယ်။ ကာကွယ်ဆေးရရှိတဲ့အပေါ် မူတည်ပြီး ဦးစားပေးအဆင့်နဲ့ တဖြည်းဖြည်းချင်း ထိုးပေးသွားမယ့် အစီအစဉ်ရှိပါတယ်။ ကနဦးအနေနဲ့တော့ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ တိုက်ဖျက်ရေးမှာ ရှေ့တန်းက ပါနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်။ နောက်ပြီး ဗဟိုအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရအဖွဲ့ဝင်တွေကို အစဉ်လိုက် ကာကွယ်ဆေးထိုးနှံ သွားဖို့ရှိပါတယ်။ ကာကွယ်ဆေး ထပ်မံရရှိလာမယ့်အပေါ် ဦးစားပေးလျာထားတဲ့ အုပ်စုတွေကို တဖြည်းဖြည်းချင်း ဆောင်ရွက်ပေးသွားပြီး တစ်နိုင်ငံလုံးကို အမြန်ဆုံးလွှမ်းခြုံနိုင်အောင် နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ကလည်း ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။**

**မေး။ ။ COVISHIELD ကိုဗစ်ကာကွယ်ဆေးက ဘယ်လိုအခြေအနေမျိုးမှာ မထိုးသင့်ဘူးလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။ ။** ကာကွယ်ဆေးမှာပါဝင်တဲ့ ပစ္စည်းတွေရှိပါတယ်။ ဒါတွေနဲ့ ဓာတ်မတည့်ဘူးဆိုရင် မထိုးရပါဘူး။ ဒီမှာဆိုရင် L-Histidine၊ L-Histidine hydrochloride monohydrate၊ Magnesium chloride hexahydrate၊ Polysorbate 80၊ Ethanol၊ Sucrose၊ Sodium chloride၊ Disodium edetate dihydrate(EDTA)၊ Water for Injection ဒါတွေနဲ့ မတည့်တဲ့သူတွေအနေနဲ့ ကာကွယ်ဆေး လုံးဝမထိုးရပါဘူး။ နောက်တစ်ခုက ပထမအကြိမ် ကာကွယ်ဆေးထိုးတုန်းက ဓာတ်မတည့်တာဖြစ်တယ်ဆိုရင် ဒုတိယအကြိမ် ကာကွယ်ဆေး မထိုးသင့်ပါဘူး။

### သတိထားထိုးပေးဖို့ လိုအပ်

နောက်တစ်ခါ သတိထားပြီး ကာကွယ်ဆေးထိုးရမယ့် အုပ်စုဆိုတာ ရှိပါတယ်။ အဲဒီသူတွေကတော့ HIV ပိုးကူးစက်ခံရတဲ့သူတွေ၊ ကင်ဆာရောဂါဝေဒနာရှင်တွေ၊ ကိုယ်ခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါး ဒါမှမဟုတ် ကိုယ်ခံအားစနစ်ကို ထိန်းချုပ်တဲ့ဆေးဝါးနဲ့ ရောဂါကုထုံးတစ်ခုခုကို ကုသမှုခံယူနေတဲ့သူတွေဖြစ်ပါတယ်။ ဒီလူတွေကတော့ ကာကွယ်ဆေးထိုးပြီးရင် ကိုယ့်ရဲ့ကိုယ်ခံအားကလည်း တုံ့ပြန်မှုအားနည်းနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒီလိုလူတွေကတော့ သတိထားပြီး ထိုးရမှာဖြစ်ပါတယ်။ နောက်တစ်ခုက သွေးမတိတ်တဲ့ရောဂါ၊ သွေးကျဲဆေး သောက်သုံးနေရတဲ့သူတွေ အဲဒီလူတွေကို ကာကွယ်ဆေး ထိုးလိုက်တဲ့ အခါကျရင် ကာကွယ်ဆေးထိုးတဲ့နေရာမှာ သူတို့တွေ ဘာဖြစ်နိုင်လည်းဆိုတော့ သွေးထွက်နေတာတို့ သွေးခြေဥတာတို့ ဖြစ်နိုင်ပါတယ်။ အဲဒီလိုလူမျိုးတွေဆိုရင် သတိထားပြီး ထိုးပေးရမယ့်သူစာရင်းထဲကို ထည့်ရမှာဖြစ်ပါတယ်။ COVISHIELD က သတိထား ထိုးပေးဖို့ လိုအပ်ပါတယ်။

> **သတိထားပြီး ကာကွယ်ဆေးထိုးရမယ့် အုပ်စုဆိုတာ ရှိပါတယ်။ အဲဒီသူတွေကတော့ HIV ပိုးကူးစက်ခံရတဲ့ သူတွေ၊ ကင်ဆာရောဂါဝေဒနာရှင်တွေ၊ ကိုယ်ခံအား စနစ်ကို ထိန်းချုပ်တဲ့ဆေးဝါး ဒါမှမဟုတ် ကိုယ်ခံအား စနစ်ကို ထိန်းချုပ်တဲ့ဆေးဝါးနဲ့ ရောဂါကုထုံး တစ်ခုခု ကို ကုသမှုခံယူနေတဲ့သူတွေဖြစ်ပါတယ်။ ဒီလူတွေ ကတော့ ကာကွယ်ဆေးထိုးပြီးရင် ကိုယ့်ရဲ့ကိုယ်ခံအား ကလည်း တုံ့ပြန်မှုအားနည်းနိုင်တဲ့ အခြေအနေရှိ။**

**မေး။ ။ ကိုဗစ်ကာကွယ်ဆေးတွေ ပြည်တွင်းကို တရားမဝင် လမ်းကြောင်းကနေ ဝင်ရောက်လာနိုင်တဲ့အတွက် ဒီလိုဝင်ရောက်လာမယ့် ဆေးဝါးတွေအပေါ် ပြည်သူတွေကို အသိပေးချင်တာများရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။ ။** ကိုဗစ်ကာကွယ်ဆေးတွေ တရားမဝင် ဝင်ရောက်လာရင် ပြည်သူလူထုကို အသိပေးချင်ပါတယ်။ ဆေးဝါးအတုတွေ၊ FDA အသိအမှတ်မပြုတဲ့ ဆေးဝါးတွေကို ပြည်သူလူထုထိုးမိမှာ စိုးရိမ်ရပါတယ်။ ဒီဆေးတွေရဲ့ အရည်အသွေး ဘယ်လောက်ထိ စိတ်ချရမှုရှိမလဲဆိုတာ ဘယ်သူမှလည်း အာမ မခံနိုင်ပါဘူး။ အာမ မခံနိုင်တဲ့အတွက်ကြောင့် မထိုးသင့်ပါဘူး။ အကယ်၍ ဆေးကတော့ စစ်တယ်။ ဒါပေမယ့်လည်း အအေးလမ်းကြောင်း စနစ်ပျက်ခဲ့တယ်။ ဒါကိုလည်းထိုးမိရင် အလကားဖြစ်မှာပါ။ ထိုးပြီးရင်လည်း အန္တရာယ်က ပိုများပါတယ်။ တရားမဝင် လမ်းကြောင်းက ဝင်ရောက်လာရင် ဘယ်လိုမှကို စိတ်ချရမှု၊ ယုံကြည်ရမှုမရှိတဲ့အတွက် အန္တရာယ်လည်း ပိုပြီးတော့ များပါတယ်။ ပြည်သူလူထုကို အကျိုးထက် အပြစ်ပိုဖြစ်စေနိုင်တဲ့အတွက်ကြောင့် ရှောင်ဖို့လိုပါတယ်။ ဒီလိုတရားမဝင် တင်သွင်းလာတဲ့သူတွေအနေနဲ့လည်း ပြည်သူလူထုကို စာနာသောအားဖြင့် ဘာအာမခံချက်မှမရှိတဲ့ဆေးတွေ မတင်သွင်းကြဖို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ FDA တို့ကနေလာတဲ့ စိတ်ချရတဲ့ အရည်အသွေး၊ အအေးလမ်းကြောင်း မပျက်တဲ့ ကာကွယ်ဆေးတွေကိုပဲ စိတ်ချလက်ချ ထိုးနှံကြဖို့လိုပါတယ်။ ကိုယ့်အလှည့်မရောက်သေးရင်လည်း ခဏစောင့်ဖို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးအုပ်စုတွေ အန္တရာယ်အရှိဆုံး အုပ်စုတွေကို အရင်ထိုးပေးနေရတဲ့အတွက် ဆန္ဒမစောကြဖို့ မေတ္တာရပ်ခံ တင်ပြလိုပါတယ်။

ကိုဗစ် ကာကွယ်ဆေး ထိုးပြီးရင်လည်း ကိုဗစ်ကာကွယ်ရေး နည်းလမ်းတွေဖြစ်တဲ့ Mask တပ်ပါ။ လက်ဆေးပါ၊ ခပ်ခွာခွာနေပါဆိုတဲ့ အမူအကျင့်တွေကတော့ တစ်သက်လုံး လိုက်နာသွားရမယ့်အချက်တွေပါပဲ။ ဒါတွေကို လိုက်နာပေးဖို့အတွက် မေတ္တာရပ်ခံပါတယ်။

**မေး။ ။ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးမှာ တာဝန်ထမ်းဆောင်ကြမယ့် ကျန်းမာရေးဝန်ထမ်းတွေကို လေ့ကျင့်သင်ကြားပေးမှုတွေ ရှိရင်လည်း သိချင်ပါတယ်။**

**ဖြေ။ ။** COVISHIELD ကိုဗစ်ကာကွယ်ဆေးကတော့ အသားဆေးပါ။ ဒါထိုးတာနဲ့ပတ်သက်ပြီး သိုလှောင်ရေးမှာလည်းပဲ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ အအေးလမ်းကြောင်း မပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းတာ၊ ထားသိုတာ၊ သယ်ဆောင်တာတွေမှာ အတွေ့အကြုံရှိပြီးသားပါ။ တော်တော်လည်း အတွေ့အကြုံရင့်ကျက်ကြပါတယ်။ ဆရာဝန်ကြီးတွေ အပါအဝင် အခြေခံကျန်းမာရေးဝန်ထမ်းအားလုံးက ကြီးကြပ်မှုအပိုင်းမှာလည်း အားကောင်းကြပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးမှာတော့ ဒီလိုအားကောင်းနေတဲ့အချက်က အားသာချက် ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ သင်တန်းတွေ ထပ်ကာထပ်ကာ ပေးနေပါတယ်။ ပြည်သူလူထုအပေါ် အမှားအယွင်း အဖြစ်မခံနိုင်ပါဘူး။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အားလုံးကို အခုသင်တန်းပေးနေပါတယ်။ ဗဟိုကနေ ပြည်နယ်နဲ့ တိုင်းအဆင့် ဆေးရုံတွေရော အားလုံးကို သင်တန်းပေးနေတာ ဒီနေ့ဆို သုံးရက်မြောက်ရှိပါပြီ။

### အထူးဂရုစိုက်ပြီး ပြင်ဆင်

သူတို့တွေကို သင်တန်းပေးပြီးသွားရင်လည်း မြို့နယ်မှာ ထိုးနှံမယ့် VACCINATOR တွေကိုလည်း ကျွန်တော်တို့ရဲ့ မော်ဂျူးသင်တန်းတွေ ပေးသွားမှာဖြစ်ပါတယ်။ ဒီလို စနစ်တကျပြင်ဆင်တဲ့အထဲမှာ ကာကွယ်ဆေးထိုး စုရပ်တွေကို ပြင်ဆင်တာလည်း ပါပါတယ်။ နောက်တစ်ခုက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်နေတဲ့ကာလမှာ ထိုးနှံရတဲ့အတွက် ရောဂါကူးစက်မှု ကာကွယ်တားဆီးတာ၊ ထိန်းချုပ်တာ အထူးဂရုစိုက်ပြီး ပြင်ဆင်ရပါတယ်။

စာမျက်နှာ ၉ သို့ ■

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃ / ၂၀၂၂**
၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မိချောင်းတွင်းကျေးရွာနေ အဲပု+ မမိစွန်းတို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ မိချောင်းတွင်း ကျေးရွာနေ အဲပု(ခ)မောင်ပု(၃၃)နှစ်၊ (ဘ)ဦးကြီးမောင်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မမိစွန်း(၃၅)နှစ်၊ (ဘ)ဦးထွန်းဆောင်တို့(၂)ဦးအား 88 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၂ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ထွန်းနိုင်(၄၈)နှစ်၊ (ဘ) ဦးလှမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ (ပ)၅/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ဝင်းညိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁-၂၀၂၂ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ ဒေါ်ဝင်းညို(၃၇)နှစ်၊ (ဘ)ဦးအောင်သန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မောက္ကတော်) မယ(ပ)၁/၂၀၂၂၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းခြံဝင်းအတွင်းနေ ၎င်း၏အစ်ကိုဖြစ်သူ မြင့်ချို(၄၁)နှစ်၊ (ဘ) ဦးအောင်သန်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မောက္ကတော်) မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၈)ဦး၊ မ(၄)ဦး၊ ပေါင်း(၃၂)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ICE များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၇-၁-၂၀၂၂ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခ ရပ်ကွက်နေ ဒွေးကိုကို(ခ)သားကြီး(၂၆)နှစ်၊ (ဘ) ဦးသန်းအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၁၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၀)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅၂)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၁-၂၀၂၂ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ် တံခွန်တိုင်သွားကားလမ်းမပေါ်၌ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်နေ အာလူး(၁၈)နှစ်၊ (ဘ) ဦးရှိန်မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ အလင်း(၂၂) နှစ်၊(ဘ)ဦးစိန်ဝင်းတို့ (၂)ဦးစီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြာများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ (ပ)၄/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဘဲအင်းကျေးရွာနေ ဂျာအေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် မာန်အောင်မြို့နယ်၊ ဘဲအင်းကျေးရွာနေ ဂျာအေး(ခ)စန်းလွင် (ခ)မောင်အေး(၄၂)နှစ်၊ (ဘ)ဦးမောင်ထီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ဖော်ထုတ်ချက်အရ ၎င်းမြို့နယ်၊ နတ်ပြင်ကျေးရွာနေ ဆံရှည်(ခ) စံရွှေ (၃၆)နှစ်၊(ဘ)ဦးဖဲစံထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ဆံရှည်(ခ)စံရွှေ၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၂)ဦးအား မမစ (မာန်အောင်) မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်နေ မမြင့်မြင့်ထွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁-၂၀၂၂ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၃) ရပ်ကွက်နေ မမြင့်မြင့်ထွေး(ခ)မြင့်မြင့်ဌေး(၂၈)နှစ်၊ (ဘ) ဦးမြင့်ဟန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လှော်ကား)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ဝိုင်းချစ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁-၂၀၂၂ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇) ရပ်ကွက်နေ ဝိုင်းချစ်(ခ)ထက်အောင်လင်း(၂၇) နှစ်၊ (ဘ)ဦးသန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်)မယ(ပ)၂/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ) ဝက်ကလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၂ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ)ဝက်ကလေး(၃၁)နှစ်၊ (ဘ)ဦးကြည်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၆/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဖြိုးဝေသူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁-၂၀၂၂ ရက်နေ့တွင် ခရမ်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်နေ ဖြိုးဝေသူ(၃၄)နှစ်၊ (ဘ)ဦးနန်းဝေ(ခ) နန်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဖခင်ဖြစ်သူ နန်းဝေ(ခ)နန်းဝင်း(၆၀)နှစ်၊ (ဘ) ဦးညွန့်၊ နန်းဝေ၏ အစ်မဖြစ်သူ ဒေါ်မြသန်း(၆၇)နှစ်၊ (ဘ) ဦးညွန့် နှင့် တူမဖြစ်သူ ဒေါ်တင်နီလာထွန်း(၄၅)နှစ်၊ (ဘ) ဦးလှိုင်ထွန်းတို့(၄)ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခရမ်း)မယ(ပ)၁/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ကိုလတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၂၂ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ကိုကိုလတ်(ခ)ကိုလတ်(၄၈)နှစ်၊ (ဘ)ဦးခင်မောင်ကြီး(ခ) မောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်)မယ(ပ)၃/၂၀၂၂၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၃-၁-၂၀၂၂ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၅၂၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၉၃၆)ဦး၊ မ(၃၉၄) ဦး၊ ပေါင်း(၂၃၃၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၁၁၄၈.၅၈၁၄)ဂရမ်၊ ICE (၁၄၉၁.၆၂)ဂရမ်၊ ဘိန်း(၄၈၃၅၄.၆၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၁၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၉၃.၄၀) ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၇၁၀၂၀၅)ပြား၊ ဆေးခြောက် (၁၆၁၂၃.၁၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၄၀)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၃၀) လက်၊ ကျည်မျိုးစုံ (၆၉၈)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

○ ပြည်သူမှ

ထိုသို့လှူဒါန်းရာတွင် Vito ပဲနို့၏ ၃ နှစ်ပြည့် အထိမ်းအမှတ် ပဲနို့ ပါကင် ၁၅၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို မြို့မ ၁ ရပ်ကွက်၊ မြို့မ ၃ ရပ်ကွက်၊ မြို့မ ၄ ရပ်ကွက်၊ နံပါတ် ၆ ရပ်ကွက်၊ တာကြီးရပ်ကွက်၊ ငါးတန်တံရာကျေးရွာနှင့် ထော်အောက်ကျေးရွာတို့ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည် တစ်အိတ်၊ ခေါက်ဆွဲခြောက် တစ်ပါကင်၊ ဆီ တစ်ဘူး၊ ငါးသေတ္တာ ငါးဘူး၊ ပဲနို့လေးဘူး စသည့်အခြေခံစားသောက်ကုန်များကို Vito ပဲနို့ကုမ္ပဏီမှ Brand Assistant ဒေါ်နှင်းထက်ထက်ရှိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးကျော်လင်းနှင့် We Love Yangon-Dala လူထုအခြေပြု ပရဟိတ အဖွဲ့မှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့လှူဒါန်းပေးခဲ့ကြသည်။

We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပြည်သူမှပြည်သူသို့မျှဝေရေး အစီအစဉ်ဖြင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ဒလမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၃၀၀၀ ဝန်းကျင်ကို အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးကျော်လင်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(IPRD)**

# ဂျပန်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရန်အတွက် ဂျပန်နိုင်ငံ၏ အထောက်အပံ့စီမံကိန်းအရ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)နှင့် ပူးပေါင်းကာ ဝယ်ယူထားသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများဖြစ်သည့် Medical Waste Disposal Equipment ၁၀ လုံး၊ Centrifuge သုံးလုံးနှင့် Autoclave လေးလုံးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုအထောက်အပံ့ပေးရေးဌာနမှ သံမှူး Mr. Takimi Kazuyuki က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်က လက်ခံရယူသည်။




ယနေ့လှူဒါန်းမှုသည် စီမံကိန်းအရ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနများနှင့် ပြည်သူ့ဆေးရုံကြီးများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်**

အလားတူ အဆိုပါ အထောက်အပံ့စီမံကိန်းအရ ပထမအကြိမ် ထောက်ပံ့လှူဒါန်းမှုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် ပြုလုပ်ခဲ့ပြီး PCR စက်များ၊ PCR နည်းပညာဖြင့် စစ်ဆေးမှုအတွက် လက်ပ်တော့ကွန်ပျူတာများ၊ PCR Test Kits၊ RNA extraction kits နှင့် Molecular Biological Grade Ethanol ဓာတ်ခွဲပစ္စည်းများ (Reagents)၊ အထူးကြပ်မတ်ကုသဆောင်(ICU Facilities)များအတွက် Power Supply Units နှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအတွက် generator များကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ လူနာတင်ယာဉ်များ၊ Test Kits၊ Mobile X-Ray၊ Medical Monitor နှင့် Pulse oximeter စသည်တို့ကိုလည်း ဆက်လက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး**

## ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

**ကြေညာချက်အမှတ် ( ၁ / ၂၀၂၁ )**

၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**ပြည်တွင်းအသက်အာမခံကုမ္ပဏီတစ်ခုနှင့် အထွေထွေအာမခံကုမ္ပဏီတစ်ခု လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်၍ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်း**

၁။ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့် နိုင်ငံသားပိုင်ကုမ္ပဏီ(၁၂)ခုတို့အနက် (၁၁)ခုအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ ယင်းကုမ္ပဏီများအနက် ကုမ္ပဏီတစ်ခုသည် အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်း နှစ်မျိုးလုံး လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် လိုအပ်သည့် စံသတ်မှတ်ချက်များအား ပြည့်ဝစွာ ဆောင်ရွက်နိုင်မှု မရှိ၍ လိုင်စင်ခွင့်ပြုခြင်းမရှိခဲ့ပါ။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုရန် ကျန်ရှိသည့် နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ(၁)ခုနှင့် နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ (၁)ခုအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထပ်မံခွင့်ပြုမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ စိတ်ဝင်စားမှုရှိသည့် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ပုံစံကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Web-page www.frd.gov.mm တွင် Download ရယူ၍ (၂၆-၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထားပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံး(၃၄) သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

■ စာမျက်နှာ ၇ မှ

ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာတွေ၊ ဒီလိုကာကွယ်ဖို့အတွက် လက်သန့်ရှင်းရေး၊ Level 2 PPE ဝတ်ဆင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ နောက်ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေ စနစ်တကျစွန့်ပစ်ရေး ဒါတွေကို အစစအရာရာ အသေးစိတ် ဒီသင်တန်းမှာ ပြင်ဆင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဝန်ထမ်း အတွေ့အကြုံရှိပြီးသား ကာကွယ်ဆေးထိုးနှံဖူးတဲ့ အတွေ့အကြုံရှိတဲ့ သူနာပြုဆရာမတွေ၊ သားဖွားဆရာမတွေ ကနဦးမှာတော့ သူနာပြုဆရာမတွေကနေပြီးတော့ စနစ်တကျပြင်ဆင်ပြီး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။** လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း ကိုဗစ်ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ဆိုးကျိုးတွေရှိတယ်လို့ ရေးသားဖော်ပြနေတာ တွေ့နေရပါတယ်။ ပြည်သူလူထုကလည်း ဒါနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။ ။** ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးတွေကအစ ကြိုတင်ပြီး တွက်ဆထားတာ ရှိပါတယ်။ တွက်ဆထားပြီးတော့လည်း သင်တန်းပေးတဲ့အခါမှာ ပြည်သူလူထုအတွက် ဆိုးကျိုးတွေက ဘာဖြစ်တတ်သလဲ။ ဘာဖြစ်ရင် ဘယ်လိုလုပ်ကြမယ်။ ဆေးဓာတ်မတည့်တာဖြစ်ရင် ဘယ်လိုကုသကြမယ်။ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ သင်တန်းတွေ ပေးပါတယ်။ COVISHIELD ကာကွယ်ဆေး သဘာဝကလည်း ဘေးထွက်ဆိုးကျိုး အလွန်တရာနည်းပါးတဲ့ဆေး ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကတော့ အကျိုးပိုများပါတယ်။ အပြစ်က နည်းနည်းလေးပဲရှိပါတယ်။ ဒါကြောင့် အကျိုးများလို့ ထိုးရမှာဖြစ်ပါတယ်။ ဒါကိုတော့ ပြည်သူလူထုကို တင်ပြချင်ပါတယ်။ လူမှုကွန်ရက်စာမျက်နှာတွေမှာ ရေးသားထားတာတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့လည်း ထပ်ကာတလဲလဲ တင်ပြခဲ့တဲ့အတိုင်း ပြည်သူလူထုအနေနဲ့ နိုင်ငံပိုင်မီဒီယာတွေကနေ ထုတ်လွှင့်နေတာတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အင်တာနက်စာမျက်နှာတွေ၊ ဝက်ဘ်ဆိုက်တွေပေါ်ကနေပြီး အသိပေးတဲ့ အချက်အလက်တွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံပေးဖို့ပဲ တိုက်တွန်းချင်ပါတယ်။ သတင်းအမှားတွေ၊ သတင်းအတုတွေက ကိုဗစ်-၁၉ ထက်ကြောက်စရာကောင်းပါတယ်။ သတင်းအမှားတွေကို မယုံကြပါနဲ့။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာ ပူးပေါင်းဆောင်ရွက်သွားစေလိုပါတယ်။

**မေး။ ။** ကိုဗစ်-၁၉ ရောဂါကနေ ပျောက်ကင်းသက်သာသွားတဲ့သူတွေ အနေနဲ့ ဒီကာကွယ်ဆေးက ထိုးသင့်ပါသလား။

**ဖြေ။ ။** ထိုးသင့်ပါတယ်။ ရောဂါပျောက်ကင်းသွားပြီ ဆိုသော်လည်း နောင်တစ်ချိန် ပြန်မဖြစ်ဘူးလို့ အာမ မခံနိုင်ပါဘူး။ ပြန်ဖြစ်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ရောဂါပျောက်ကင်းသွားတဲ့သူကလည်း ဒီကာကွယ်ဆေးထိုးနှံသင့်ပါတယ်။ ဒီကာကွယ်ဆေးက အသက် ၁၈ နှစ်အထက် ထိုးဖို့ဖြစ်ပါတယ်။ ကာကွယ်ဆေးက ရောဂါပြီးဆေးမဟုတ်ဘူးဆိုတာ ပြည်သူလူထုအနေနဲ့ သိထားဖို့လိုပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးရင်လည်းပဲ New Normal မှာ သွားမယ့် နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း စတဲ့အလေ့အကျင့်ကောင်းတွေကို ဆက်ပြီးကျင့်သုံးသွားရအုံးမှာပါပဲ။ ကာကွယ်ဆေးရပြီဆိုပြီး သတိလက်လွတ်မနေလိုက်ကြပါနဲ့။ ကာကွယ်ဆေးထိုးပြီးပြီဆိုပြီးတော့လည်း အမူအကျင့်ကောင်းတွေကို မစွန့်လွှတ်လိုက်ကြပါနဲ့။ ဒီလိုစွန့်လွှတ်လိုက်ခြင်းဟာ ကိုဗစ်-၁၉ အန္တရာယ်ကို ဖိတ်ခေါ်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေဟာ တစ်သက်တာလုံး လိုက်နာသွားရမယ့် အချက်တွေ ဖြစ်ပါတယ်။ ကာကွယ်ဆေးမရခင်မှာလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးပြီးရင်လည်း ပိုပြီးသတိထားပြီးတော့ကို ဒီကာကွယ်ဆေးရဲ့ အကျိုးတွေ ပြည့်ပြည့်ဝဝရရှိဖို့အတွက် ဒီအချက်တွေဟာ ပြည်သူလူထု လိုက်နာရဦးမယ့် အချက်တွေ ဖြစ်ပါတယ်။

**မေး။ ။** ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။

**ဖြေ။ ။** အားလုံးမျှော်လင့်နေတဲ့ ကိုဗစ်-၁၉ကာကွယ်ဆေး ရရှိတယ်ဆိုတော့ ပြည်သူလူထုအားလုံးအနေနဲ့လည်း ဝမ်းသာပျော်ရွှင်နေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် စိတ်အားထက်သန်နေပါတယ်။ သတိပြုရမယ့်အချက်တွေကိုလည်း ပြည်သူလူထုကို အသိပေးပြီး ဖြစ်ပါတယ်။ ထိုးနှံပေးမယ့်သူတွေဘက်ကိုလည်း အအေးလှိုင်းမပျက်အောင် ထိန်းသိမ်းတာ၊ ဆေးဓာတ်မတည့်ရင် ကြုံရမယ့်အချက်တွေကအစ အားလုံးကို သင်တန်းပေးပြီးဖြစ်ပါတယ်။ သင်တန်းတွေ ပေးလည်းပေးနေပါတယ်။ ကာကွယ်ဆေးရရှိတဲ့အပေါ် မူတည်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ရွေးချယ်ထားတဲ့ အုပ်စုတွေရှိပါတယ်။ ဒီအုပ်စုတွေအလိုက် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ရရှိတဲ့ကာကွယ်ဆေး အရေအတွက်ပေါ်မူတည်ပြီး ကာကွယ်ဆေးထိုးအစီအစဉ်ကို လစဉ်လစဉ် ဆောင်ရွက်သွားပါမယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း နှာခေါင်းစည်းတပ်ပါ။ လက်ဆေးပါ။ ခပ်ခွာခွာနေပါဆိုတဲ့ အမူအကျင့်တွေကို ဆက်လက်ဆောင်ရွက်ပေးပါ။ ကာကွယ်ဆေးမရခင်လည်း လိုက်နာရမှာဖြစ်သလို ကာကွယ်ဆေးရပြီးတဲ့ အခါမှာလည်း New Normal မှာ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်း အလေ့အကျင့်ကောင်းတွေကို ဆက်လက်ပြီးတော့ ဘဝတစ်လျှောက်လုံး နေသွားကြဖို့၊ လိုက်နာသွားကြဖို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**❍ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ဥရုချောင်းကူးကြိုးတံတားသည် အရှည်ပေ ၁၀၉၀ ရှိပြီး ပေ ၅၅၀ သည် ချဉ်းကပ်တံတားအပိုင်းဖြစ်ကာ ပေ ၅၄၀ ရှိသည့် ကြိုးတံတားကို ဖြတ်သိမ်းပြီး အစားထိုးတည်ဆောက်သွားမည်ဖြစ်၍ တံတားအကျယ် ၂၆ ပေရှိသည်။

"သက်ကယ်ကျင်း-ဖောင်းပြင်လမ်းကလည်း ကောင်းလာပြီ။ လမ်းတွေကောင်းလာတာနဲ့အမျှ ယာဉ်ကြီးတွေသွားလာကြတယ်။ ယာဉ်ကြီးတွေ သွားလာကြတဲ့အပေါ်မှာ ဒေသလိုအပ်ချက်အရ ကြိုးတံတားပိုင်းကို အဆင့်မြှင့်တင်ပြီး တည်ဆောက်ပေးတာဖြစ်ပါတယ်"ဟု ဦးအောင်သီဟက ဆက်လက်ပြောသည်။

**သတင်း - မျိုးဝင်းထွန်း(မုံရွာ)၊ ဓာတ်ပုံ - အောင်သီဟ**

# မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ် (၁၀၀) ပြည့်ပွဲ

## မြင့်မိုရ်ဆွေ

မြန်မာနိုင်ငံတွင် ပြည်သူတို့၏ “နေရေး” ကို အဖြေတွေး၍ နည်းလမ်းမျိုးစုံဖြင့် ခေတ်အဆက်ဆက် ဖြည့်ဆည်းပေးလျက်ရှိသော တစ်ချိန်တုန်းက “အိုးအိမ်” ဟု လူသိများခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကြီးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သက်တမ်းကာလနှစ် (၁၀၀) ပြည့်မြောက်မည် ဖြစ်ပေသည်။ စာရေးသူသည် အဆိုပါဌာန၏ အငြိမ်းစားအရာထမ်းတစ်ဦးဖြစ်ပြီး နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ရင်း ပြည်သူတို့၏ နေရေးပြဿနာဖြေရှင်းရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအလား တစ်တပ်တစ်အား ပါဝင်ဖြေရှင်းဆောင်ရွက်ခွင့်ရခဲ့သည့်အတွက် များစွာဂုဏ်ယူမိသကဲ့သို့ ဌာနကြီး၏ နှစ် (၁၀၀) ပြည့်ပွဲကို မျက်ဝါးထင်ထင် ပါဝင်ဆင်နွှဲခွင့်ရသည့် မိမိ၏ကြုံတောင့်ကြုံခဲ အငြိမ်းစားဝန်ထမ်းဘဝကိုပါ ဝင့်ကြွားမဆုံး တစ်ပြုံးပြုံးရှိနေပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ သမိုင်းကြောင်းကို အများပြည်သူတို့ သိရှိစေရန်အလို့ငှာ ဤဆောင်းပါးကို မဖြစ်မနေ ရေးသားမိခြင်းဖြစ်ပါသည်။ ရှေးဦးစွာ နှစ် (၁၀၀) ပြည့် ဆုတောင်းအဖြစ် **“ဖေယျတု သဗ္ဗမင်္ဂလံ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့သည် ကောင်းကျိုးချမ်းသာ ခပ်သိမ်းသော ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်ဝစုံလင် ပျော်ရွှင်ညီညာလိုရာပြီးမြောက် ခရီးရောက်၍ အစိုးရသစ်ကို ကြိုဆိုရင်း လျှမ်းလျှမ်းတောက် အောင်မြင်ကြပါစေသတည်း”** ဟု လှိုက်လှိုက်လှဲလှဲ ဆုတောင်းအပ်ပါသည်။

**ခေတ်အဆက်ဆက်ဝန်ထမ်းများ၏ အတွေ့အကြုံနှင့်မှတ်တမ်းများကို ရသကဗျာ စာအလင်္ကာစုံလင်စွာဖြင့် မြန်မာ-အင်္ဂလိပ် နှစ်ကဏ္ဍပါဝင်သော “နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကြီး” ခံ့ညားစွာ ပေါ်ထွက်လာသည်ကို တွေ့မြင်ရ၍ လွန်စွာဝမ်းမြောက်မိ၏။ ၁၂-၁-၂၀၂၁ ရက်နေ့မှစပြီး သုံးရက်တိုင်တိုင် ရန်ကုန်မြို့၌ နှစ် (၁၀၀) စကားဝိုင်းကိုလည်း ရုပ်မြင်သံကြား ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရ၏။ ကိုဗစ်ကာလဖြစ်၍ စည်းကမ်းဘောင်အတွင်း အမှတ်တရလှုပ်ရှားမှုများကို အကျဉ်းချုံး၍ စီစဉ်ဆောင်ရွက်နေရသည့်အနေအထားကို တွေ့မြင်ရသဖြင့် အားမလိုအားမရဖြစ်မိ။**

### ဌာန၏အတိတ်ကာလ နှစ် ၁၀၀

ဌာန၏အတိတ်ကာလ နှစ် ၁၀၀ နိဒါန်းစခန်းအဖွင့်ကား မြန်မာနိုင်ငံတွင် **“ရန်ကုန်စည်ပင်သာယာအဖွဲ့”** (Rangoon Development Trust – R.D.T) ဟူ၍ စတင်ပေါ်ပေါက်သော ၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ပင် ဖြစ်၏။ သို့ဖြစ်၍ R.D.T အဖွဲ့ကြီးပေါ်ပေါက်လာပုံအကြောင်း ဇာတ်ပွတ်ကို ဦးစွာပထမရှင်းလင်းဖော်ပြလိုပေသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မြန်မာသက္ကရာဇ် ၁၁၁၇ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့ (ခရစ်သက္ကရာဇ် ၁၇၅၅ ခုနှစ် မေလ ၂၉ ရက်နေ့) တွင် ရှေးယခင်ဒဂုံမြို့တည်ရှိသောနေရာ၌ တာဝန်း ၁၁၁၉ ရှိသောသစ်တပ်မြို့ကို တည်ဆောက်ခဲ့၏။ (တစ်တာလျှင် ခုနစ်တောင်ရှိကြောင်း သိရှိရ၏)။ မြို့အမည်ကို “ရန်ကုန်မြို့” ဟု ပြောင်းလဲသမုတ်တော်မူခဲ့လေ၏။ ငယ်အမည် ဦးရွှေရည်၊ ဘွဲ့အမည် မင်းကျော်စည်သူအား နေမျိုးနော်ရထာဘွဲ့ အသစ်ပေးအပ်၍ ရန်ကုန်မြို့ဝန်အဖြစ် ပထမဦးဆုံးခန့်အပ်တော်မူခဲ့ပြီး လက်နက်ကိုင် လူ ၃၀၀၀၊ သေနတ် ၅၀၀၊ အမြောက်ကြီး ၇၀ ထားရစ်တော်မူခဲ့ကြောင်း သိရှိရပေသည်။

စိန္တကျော်သူဦးဩ၏ ပိုဒ်စုံရတုတွင် ထိုစဉ်ကာလ ရန်ကုန်ဆိပ်ကမ်း၏စည်ကားလှပမှုကို **“ဆန်စုန်ရေကြည်၊ တက်သက်လည်သား၊ မွန်ရှည်ပင်လယ်၊ မြစ်ထဲဝယ်လည်း၊ ကြီးကျယ်လှသော၊ လုပ်စပ်ချောသည်၊ သင်္ဘောဇရာ၊ ဇလာခပင်း၊ အစင်းစင်းတည့်၊ လှေချင်းရှုပ်ထပ်၊ ဆိပ်မလပ်မျှ”** ဟု ဖွဲ့ဆိုထားခဲ့သည်ကို ဖတ်ရှုခဲ့ရဖူး၏။ အလောင်းဘုရားသည် ယိုးဒယားသို့ စစ်ချီပြီးအပြန် ခရစ်သက္ကရာဇ် ၁၇၆၀ ပြည့်နှစ်တွင် သူတည်ထားခဲ့သော ရန်ကုန်အား နောက်ဆုံးအကြိမ် ရောက်ရှိခဲ့သေး၏။ ဤတစ်ကြိမ်တွင် သူ၏သက်မဲ့ရုပ်ကြွင်း ဆားသွင်းထားသောခန္ဓာကိုယ်ကြီးသည် ရွှေတိဂုံစေတီတော်ကို နောက်ဆုံးအကြိမ် ဦးတိုက်ပြီး နေပြည်တော် ရွှေဘိုသို့ ခရီးဆက်ခဲ့ရှာပေတော့၏။ ထိုစဉ်က ရန်ကုန်မြို့ကို ရောက်ဖူးသည့် နိုင်ငံခြားသားတစ်ဦး ရေးဆွဲထားသော မြို့စနစ်ပုံကြမ်းအရ မြောက်ဘက်တွင် ဆူးလေဘုရား၊ တောင်ဘက်တွင် မြစ်၊ အရှေ့ဘက်တွင် ကုန်သည်လမ်းနှင့် ဂျူဒါအီစကယ်လမ်းထောင့်၊ အနောက်ဘက်တွင် လမ်း (၃၀) အထိသာရှိပြီး ရေပတ်လည်ဝိုင်းလုမတတ်ရှိသော ဆူးလေဘုရားသည် သစ်တပ်မြို့အပြင်ဘက်သို့ ကျရောက်နေ၏။ မြို့အကျယ်မှာ စုစုပေါင်း ခုနစ်ဧကခန့်သာရှိပြီး လူဦးရေ တစ်သောင်းခန့် နေထိုင်ကြောင်းလည်း သိရှိရပေသည်။

### အိမ်တော်ရာဘုရား

အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲအပြီးတွင် သာယာဝတီမင်းသည် ခရစ်သက္ကရာဇ် ၁၈၄၁ ခုနှစ်၌ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး “ကုန်းဘောင်ခေတ် ဒုတိယရန်ကုန်” ဟု ခေါ်ဆိုသော တာဝန်း ၁၈၀၀ ရှိသည့် “အောင်မြေရန်နှင်” မြို့ကို သီးခြားတည်ခဲ့ပြန်၏။ ရွှေတိဂုံဘုရား၏ တောင်ဘက်နှင့် ဆူးလေဘုရား အနောက်မြောက်ဘက်တွင် သီးခြားတည်ရှိပြီး အရှေ့ဘက်သည် ဂေါ်ရာကုန်းအရှေ့၊ တောင်ဘက်သည် ဂျူဗလီဟော၊ အနောက်ဘက်သည် မစ်ရှင်လမ်း၊ မြောက်ဘက်သည် ယခင်ရှင်စောပုမြို့ရိုးနှင့် နန်းတော်နေရာမှာ မိုင်ဒါကွင်းမြောက်ဘက် အင်္ဂလိပ်ဘုရားကျောင်းဟု တည်နေရာအညွှန်းကို သိရ၏။ သားတော်ပုဂံမင်းသား၏ အိမ်နေရာမှာ ယခုအိမ်တော်ရာဘုရားဖြစ်ကြောင်းလည်း သိရှိရ၏။

အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိမြေအားလုံးကို အစိုးရပိုင်အဖြစ် ကြေညာခဲ့၏။ ရန်ကုန်မြို့သစ်ပုံစံကို ပထမဦးစွာ အင်္ဂလိပ်စစ်တပ်မှ ဆရာဝန် ဒေါက်တာဝီလျံမောင်ဂိုမာရီက ကျားကွက်ပုံသဏ္ဍာန် စတင်ရေးဆွဲခဲ့၏။ ၎င်းကို ဘင်ဂေါ်လ် အင်ဂျင်နီယာတပ်မှ လက်ဖတင်နင်အလက်ဇန္ဒြားဖရေဇာ (Lieutenant Alexander Fraser) က ၁၈၅၃ ခုနှစ်တွင် လူပေါင်း ၃၆၀၀၀ ခန့်နေနိုင်မည့် မြို့ကွက်ပုံစံကို ပြင်ဆင်ရေးဆွဲခဲ့၏။ ဖရေဇာ၏ပုံစံကို အိန္ဒိယတွင် ရုံးထိုင်သော ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက အတည်ပြုခဲ့၏။ အင်္ဂလိပ်တို့၏ ရန်ကုန်မြို့ပေါ်ပေါက်လာပြီး အရှေ့ဘက်တွင် ဂျူဒါအီစကယ်လမ်း (သိမ်ဖြူလမ်း)၊ အနောက်ဘက်တွင် ဂေါ်ဒွင်လမ်း(လမ်းမတော်လမ်း)၊ တောင်ဘက်တွင် ကမ်းနားလမ်း၊ မြောက်ဘက်တွင် ကော်မရှင်နာနှင့် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်လမ်း)အထိ စုစုပေါင်း ဧက ၅၀၀ ခန့် ကျယ်ဝန်းကြောင်း သိရှိရပေသည်။

အထက်ပါအင်္ဂလိပ်တို့၏ ရန်ကုန်မြို့သစ်ကို တည်ဆောက်ရန်အတွက် မြို့ရန်ပုံငွေ(Town Works Fund)ကို သီးခြားတည်ထောင်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို မြို့ဝန်ကြီး(Town Magistrate)က ကြီးကြပ်ဆောင်ရွက်ခဲ့ပေသည်။ ၁၈၇၄ ခုနှစ် ရန်ကုန်မြူနီစီပယ် အက်ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် အထက်ပါရန်ပုံငွေကို ရန်ကုန်မြူနီစီပယ်သို့ လွှဲပြောင်းပေးအပ်ခဲ့၏။ ထိုစဉ် ရန်ကုန်လူဦးရေသည် တစ်သိန်းအထိရှိလာ၏။ ၁၉၀၇ ခုနှစ်တွင် မြူနီစီပယ်ဥက္ကဋ္ဌက မြေစီမံခန့်ခွဲမှုလုပ်ငန်းများကို သီးခြားကော်လိတ္တော်အရာရှိ ခန့်ထား၍ ဆောင်ရွက်စေခဲ့သည်။ ရန်ကုန်လူဦးရေမှာ ၁ ဒသမ ၅ သိန်းခန့်အထိ ဆက်လက်တိုးပွားလာပြန်၏။ လူဦးရေတိုးပွားလာမှုကြောင့် မြူနီစီပယ်လုပ်ငန်းများ၊ မြို့တိုးချဲ့ရေးလုပ်ငန်းများနှင့် မြေစီမံခန့်ခွဲရေးလုပ်ငန်းများလည်း တိုးပွားလာသဖြင့် လုပ်ငန်းများကို ပိုမိုတွယ်ကျယ်စွာဆောင်ရွက်နိုင်ရေးအတွက် မြူနီစီပယ်ဥက္ကဋ္ဌက မြေစီမံခန့်ခွဲရေးနှင့် စည်ပင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို သီးခြားအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်စေသင့်ကြောင်း ဗြိတိသျှအစိုးရထံ ၁၉၁၄ ခုနှစ်တွင် အစီရင်ခံစာတင်သွင်းခဲ့၏။ အစိုးရက စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးစေခဲ့၏။ ၁၉၁၆ ခုနှစ်တွင် အစီရင်ခံစာထွက်ပေါ်လာပြီး မြူနီစီပယ်ဥက္ကဋ္ဌ တင်ပြချက်အတိုင်း ဆောင်ရွက်သင့်ကြောင်း ထောက်ခံတင်ပြခဲ့ပေသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရှိ Bombay Improvement Trust သို့ လေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်လေ့လာစေပြီးနောက် ရန်ကုန်မြို့စည်ပင်သာယာရေးအဖွဲ့ (Rangoon Development Trust) (R.D.T) ကို ဖွဲ့စည်းနိုင်ရန်အတွက် ၁၉၂၀ ပြည့်နှစ်တွင် ဥပဒေရေးဆွဲအတည်ပြုခဲ့ပေသည်။ ၎င်းဥပဒေအရ **၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် R.D.T ကို ဖွဲ့စည်းတည်ထောင်၍ ရန်ကုန်မြို့ရှိ အစိုးရမြေများကို စီမံခန့်ခွဲခြင်း၊ မြို့ပြစီမံကိန်းနှင့်အညီ မြို့တိုးချဲ့တည်ဆောက်ခြင်း၊ အဓိကလမ်းမကြီးများ၊ ရေမြောင်းများဖောက်လုပ်ခြင်း၊ အိမ်ရာမြေကွက်များကို အငှားချထားပေးခြင်း စသည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပေသည်။**

### မူလရန်ကုန်မြို့သစ်

ဗြိတိသျှအစိုးရသည် ဖရေဇာ၏ မူလရန်ကုန်မြို့သစ်အတွင်း၌ မြေရောင်းချသောစနစ်ဖြင့် နေရာချထားခဲ့၏။ မြေရောင်းရာတွင် မျက်နှာစာကို တစ်ပေလျှင် ၁၀ ကျပ်နှုန်းဖြင့် ရောင်းချပြီး ရှေ့နောက်မြေကွက်အရှည် ပေ ၄၀၊ ပေ ၅၀ စသည်တို့ကိုထည့်သွင်းမတွက်ချက်ခဲ့ပေ။ ဤနှုန်းဖြင့် ရောင်းချခဲ့သော လက်ရှိ Down Town မြေကွက်များအား အင်္ဂလိပ်လူမျိုးနှင့် ဥရောပတိုက်သားများ၊ အင်ဂလိုအင်ဒီးယန်း ခေါ် အင်္ဂလိပ်နှင့် အိန္ဒိယကပြားများ၊ အာမေနီယန်များ၊ ဂျူးလူမျိုးများ၊ အိန္ဒိယလူမျိုးများနှင့် တရုတ်လူမျိုးအချို့သာ ဝယ်ယူနိုင်စွမ်းရှိကြ၏။ မြန်မာများသည် မြို့အပြင်ဘက် မြေကွက်လပ်များ၊ ရွာများ၌သာ နေထိုင်ကြရပြီး တစ်နေ့သောအခါ မြို့ဆင်ခြေဖုံးရှိကာကွယ်ရေးစခန်းတစ်ခုသို့ မြန်မာဆင်းရဲသားရပ်ကွက်မှ ကာလဝမ်းရောဂါ ကူးစက်ခံရသည်ဟု ဆို၏။ ထိုအခါ ၎င်းတို့တပ်ဖွဲ့ဝင်များ ရောဂါကြောင့် သေကြေပျက်စီးမှုရှိလာသဖြင့် မြန်မာလူမျိုးများအား ဤအတိုင်းထား၍မဖြစ်၊ စနစ်တကျနေနိုင်ရန် လုပ်ပေးမှဖြစ်တော့မည်ဟု အတွေးပေါက်လာပြီး လုပ်ငန်းအကောင်အထည်ဖော်ရန် R.D.T ကို ဖွဲ့စည်းခြင်းဖြစ်သည်ဟူသော မြုပ်ကွက်အကြောင်းတစ်ရပ်ကို ညွှန်ကြားရေးမှူးဆရာကြီး ဦးစံထွန်းအောင် (ဟားဗတ်တက္ကသိုလ်ဘွဲ့ရ) (ကွယ်လွန်)၏ပြောကြားချက်များအရ သိရှိရပေသည်။

R.D.T သည် ဆင်းရဲနွမ်းပါးသော မြန်မာများအား မြေရောင်းချသည့်စနစ်အစား အငှားချထားသည့်စနစ်ဖြင့် ချထားပေးခဲ့၏။ မြေငှားခကို ပြန်လည်ကောက်ယူရာ၌ မြေတန်ဖိုးပေါ်တွင် လေးရာခိုင်နှုန်း၊ မြေကွက်ဖော်ထုတ်မှုစရိတ် (Equipment Cost)ပေါ်တွင် ငါးရာခိုင်နှုန်း စုစုပေါင်း ကိုးရာခိုင်နှုန်းကို ၁၂ လနှင့်စားပြီး တစ်လကျသင့်ငွေကို တစ်ကွာတာ အတွက်ပေါင်း၍ ကောက်ခံခြင်းဖြစ်ပေသည်။ ဤနည်းဖြင့် ၂၅ နှစ်ကျော်လျှင် မြေစည်ပင်မှုစရိတ်ကြေပြီး အမြတ်ပေါ်ထွက်လာကြောင်း သိရှိရပေသည်။

ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် မြန်မာနိုင်ငံတွင် အိုးအိမ်အဆောက်အအုံများ အများအပြားပျက်စီးခဲ့၏။ လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းစစ်နှင့် အခြားအကြောင်းများကြောင့် ကျေးလက်ဒေသမှ လူအများသည် မြို့များပေါ်သို့ ပြောင်းရွှေ့လာကြသဖြင့် နေရေးပြဿနာ ပိုမိုဆိုးရွားလာခဲ့၏။ စစ်အတွင်းပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ထူထောင်ခြင်းနှင့် ပြည်သူတို့၏နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ဖ.ဆ.ပ.လ အစိုးရက ၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အက်ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (N.H.B) ကို ဖွဲ့စည်းခဲ့၏။ ၎င်းအက်ဥပဒေအပိုဒ်(၁၃)အရ N.H.B သည် R.D.T ၏ အာဏာနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပစ္စည်းအားလုံးနှင့် ကြွေးမြီတာဝန်အားလုံးကိုလည်းကောင်း၊ ပဋိညာဉ်စာချုပ်များကိုလည်းကောင်း လွှဲပြောင်းလက်ခံပြီး အရာထမ်း၊ အမှုထမ်းကိုပါ သိမ်းသွင်းဖွဲ့စည်းမှုပြုလုပ်ခဲ့ပေသည်။ N.H.B သည် ရန်ကုန်မြို့တော်သာမက နိုင်ငံတစ်ဝန်းလုံးတွင် အိုးအိမ်ပြန်လည်ထူထောင်ရေးတာဝန်များကို ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့၏။ N.H.B သည် R.D.T ၏ ဗိုလ်ချုပ်လမ်းရှိရုံးကြီးကိုပါ ဆက်ခံပြီး N.H.B ရုံးချုပ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပေသည်။ အဆိုပါရှေးဟောင်းအမွေအနှစ်ရုံးကြီးကို ၁၉၂၃ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံးဘုရင်ခံဖြစ်သော ဆာဟာကုတ်ဘတ္တလာ (Sir Harcourt Butler) က အုတ်မြစ်ချခဲ့ကြောင်း ကမ္ပည်းမော်ကွန်း ကျောက်ပြားရေးထိုးထားသည်ကိုလည်း ယနေ့တိုင် အထင်အရှား တွေ့ရှိနိုင်၏။

### အိုးအိမ်အဖွဲ့

ထို့နောက် N.H.B ကို မ.ဆ.လခေတ် ၁၉၇၀ ပြည့်နှစ်တွင် “အိုးအိမ်အဖွဲ့” ဟု ပြောင်းလဲ၍ဖွဲ့စည်းခဲ့ပေသည်။ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်အရ စီးပွားရေးဆန်ဆန်ဆောင်ရွက်ရန်အတွက် **“အိုးအိမ်ကော်ပိုရေးရှင်း”** ဟု ထပ်မံအမည်ပြောင်းလဲခဲ့ပြန်၏။ ၁၉၇၃ ခုနှစ်တွင် ဤလုပ်ငန်းမှာ စီးပွားရေးလုပ်ငန်း မဖြစ်သင့်ဟုဆိုပြီး “အိုးအိမ်ဦးစီးဌာန” ဟူ၍ ခေတ်တစ်ခေတ်အတွင်းမှာပင် အမည်နာမ သုံးကြိမ်တိတိ ပြောင်းလဲခဲ့ကြောင်း တွေ့ရှိရပေသည်။ ၁၉၉၀ ပြည့်နှစ် တပ်မတော်အစိုးရလက်ထက်၌ အိုးအိမ်ဦးစီးဌာနကို **“မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန”** (Department Human Settlement and Housing Development–DUSHD) ဟု ထပ်မံပြောင်းလဲပြီး ဖွဲ့စည်းပုံကို “ခ” အဆင့်မှ “က” အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့ပြန်၏။ ၂၀၁၅ ခုနှစ် ဒုတိယဒီမိုကရေစီခေတ်ကာလအတွင်း ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးသို့ လုပ်ပိုင်ခွင့်များ ပိုမိုခွဲဝေအပ်နှင်းသည့် ဖွဲ့စည်းပုံသစ်ကို ပြုပြင်ဖွဲ့စည်းလျက် ဌာန၏အမည်ကိုလည်း **“မြို့ပြနှင့် အိမ်ရာဖွံ့ ဖြိုး ရေးဦးစီးဌာန”** ဟု ခေတ်စနစ်နှင့်အညီ ပြောင်းလဲခဲ့ကြောင်း တွေ့ရှိရပေသည်။

ဤသို့ဖြင့် ၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းပေါ်ပေါက်လာသော မူလမြစ်ဖျား R.D.T မှသည် ခေတ်အဆက်ဆက်တိုးချဲ့ခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်းများဖြစ်ပေါ်ခဲ့ရာမှာ “၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ သမိုင်းဝင်သက်တမ်းမှာ နှစ်ပေါင်း (၁၀၀) ပြည့်မြောက်တော့မည် ဖြစ်ပေသည်။ ခေတ်အဆက်ဆက် ဝန်ထမ်းများ၏ အတွေ့အကြုံနှင့်မှတ်တမ်းများကို ရသကဗျာ စာအလင်္ကာစုံလင်စွာဖြင့် မြန်မာ– အင်္ဂလိပ် နှစ်ကဏ္ဍပါဝင်သော **“နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကြီး”** ခံ့ညားစွာ ပေါ်ထွက်လာသည်ကို တွေ့မြင်ရ၍ လွန်စွာဝမ်းမြောက်မိ၏။ ၁၂–၁–၂၀၂၁ ရက်နေ့မှစပြီး သုံးရက်တိုင်တိုင် ရန်ကုန်မြို့၌ နှစ် (၁၀၀) စကားဝိုင်းကိုလည်း ရုပ်မြင်သံကြား ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရ၏။ ကိုဗစ်ကာလဖြစ်၍ စည်းကမ်းဘောင်အတွင်း အမှတ်တရလှုပ်ရှားမှုများကို အကျဉ်းချုံး၍ စီစဉ်ဆောင်ရွက်နေရသည့်အနေအထားကို တွေ့မြင်ရသဖြင့် အားမလိုအားမရ ဖြစ်မိပေသည်။

ဆက်လက်ပြီး အထက်ပါ နှစ် ၁၀၀ ကာလအတွင်း ခေတ်အဆက်ဆက် မြို့ပြနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ဝေဖန်သုံးသပ်သည့်ဆောင်းပါးများကို အခွင့်ရသလို ရေးသားတင်ဆက်ဦးမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုပါသည်။ **နှစ်တစ်ရာပြည့် မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကြီးသည် ပြည်သူ့အစိုးရသစ်နှင့်လက်တွဲ၍ လုပ်ငန်းတာဝန်များကို ပိုမိုထူးချွန်ပြောင်မြောက်စွာ အောင်လံလွှင့်ရင်း အခွန့်ရှည်ကြာတည်ပါစေသောဝ်၊ တည်စေသောဝ်ဟု လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။** ။

# ကိုဗစ်-၁၉ အမေး၊ အဖြေ



ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း (၁)

၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာလဲ

၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြန်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

## COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ် တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန့်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မဖျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of [covid-19] disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဘုံစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်သမ္မတနှင့် ပြင်သစ်သမ္မတတို့ သဘောတူညီ

**ဝါရှင်တန်  ဇန်နဝါရီ ၂၅**
အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် ဇန်နဝါရီ ၂၄ ရက်တွင် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြပြီး ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါကဲ့သို့သော ဘုံစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ သဘောတူညီခဲ့ကြကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

**ခိုင်မာသောဆက်ဆံရေးများ ဆောင်ရွက်သွားမည်**

ထို့ပြင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် ပြင်သစ်နိုင်ငံအပါအဝင် အခြားသော ဥရောပနိုင်ငံများနှင့်လည်း ခိုင်မာသောဆက်ဆံရေးများ တည်ဆောက်နိုင်ရန်ကိုလည်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဇန်နဝါရီ ၂၂ ရက်တွင် ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် လည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့်လည်းကောင်း ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကမ္ဘာလုံးဆိုင်ရာမူဘောင်များမှတစ်ဆင့် ကုလသမဂ္ဂအပါအဝင် အခြားသောနိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင်အမေရိကန်နိုင်ငံ၏မဟာမိတ်နိုင်ငံများနှင့်လည်း တောင့်တင်းခိုင်မာသော ဆက်ဆံရေးများရရှိရန် ဆန္ဒရှိပါကြောင်းလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ပြင်သစ်သမ္မတ မက်ခရွန်။



# တရုတ်မိုင်းတွင်း၌ သီတင်းနှစ်ပတ်ကြာ ပိတ်မိခဲ့သည့် မိုင်းလုပ်သား ၁၁ ဦးအား အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့

**ပေကျင်း  ဇန်နဝါရီ ၂၅**
တရုတ်နိုင်ငံအရှေ့ဘက် ရှန်တုန်ပြည်နယ် ကီရှန်ခရိုင် ယန်တိုင်းမြို့ရှိ မိုင်းတွင်းတစ်ခု၌ ဇန်နဝါရီ ၁၀ ရက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားမှုကြောင့် မြေအောက်တွင် မိုင်းလုပ်သား ၂၂ ဦး ပိတ်မိခဲ့ရာ ၎င်းတို့အနက် ၁၁ ဦးကို သီတင်းနှစ်ပတ်ကြာဖြစ်သည့် ဇန်နဝါရီ ၂၄ ရက်တွင် အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး ၁၀ ဦးသေဆုံးကာ တစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

မြေအောက်တွင် ရေအလွန်နက်သည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အလွန်ခက်ခဲ့ကြောင်း၊ သို့သော် ပျောက်ဆုံးနေသောမိုင်းလုပ်သားတစ်ဦးအား ရှာဖွေရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ယန်တိုင်းမြို့တော်ဝန် ချန်ဖေးက ပြောကြားသည်။

အသက်ရှင်လျက်ကယ်တယ်နိုင်ခဲ့သော မိုင်းလုပ်သားများသည် သက်ဆိုင်ရာဆေးရုံများတွင် ဆေးဝါးကုသမှုခံယူနေကြကြောင်း ချန်ဖေးက ပြောကြားသည်။ ထို့အပြင် တာဝန်ရှိသူများသည် သေဆုံးသူများ၏ အချက်အလက်များကို သိရှိနိုင်ရန် ၎င်းတို့၏ DNA စစ်ဆေးမှုကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများသည် အဆိုပါမိုင်းတွင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ဂျေတီ

# ကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ သက်သာချောင်ချိရေးအစီအစဉ်အား အတည်ပြုပေးရန် ဥပဒေပြုလွှတ်တော်ကို ဘိုင်ဒင်အစိုးရ တိုက်တွန်း

**ဝါရှင်တန်  ဇန်နဝါရီ ၂၅**
အမေရိကန်သမ္မတ ဘိုင်ဒင် ကျမ်းသစ္စာမကျိန်ဆိုမီ ဇန်နဝါရီ ၁၄ ရက်က အဆိုပြုထားသည့် ကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန် ကိုဗစ်-၁၉ သက်သာချောင်ချိရေး အစီအမံတစ်ရပ်ကို ဥပဒေပြုလွှတ်တော်က အမြန်ဆုံးအတည်ပြုပေးရန် ဘိုင်ဒင်အစိုးရအဖွဲ့ တာဝန်ရှိသူများက ယနေ့ တိုက်တွန်းခဲ့သည်။

ဥပဒေပြုလွှတ်တော်ရှိ ရီပတ်ဘလီကန်အမတ်များသည် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေး၊ ကာကွယ်ဆေး ဖြန့်ဖြူးရေးနှင့် ထိုးနှံပေးရေးတို့အတွက် ဘဏ္ဍာငွေသုံးစွဲရန် သဘောတူသည်။ သို့ရာတွင် ဘိုင်ဒင် အဆိုပြုထားသည့် အမေရိကန်ပြည်သူတစ်ဦးကို ကန်ဒေါ်လာ ၁၄၀၀ ထောက်ပံ့ပေးရေးသည် ကုန်ကျမှုများလွန်းသည့်အပြင် သမ္မတထရမ့် လက်မှတ်ရေးထိုးခဲ့သည့် ကန်ဒေါ်လာ ၉၀၀ ဘီလီယံတန် သက်သာချောင်ချိရေး အစီအစဉ် အတည်ပြုထားသည်မှာ တစ်လသာရှိသေးသည့်အတွက် မလိုအပ်ကြောင်း ရီပတ်ဘလီကန်အမတ်များက ငြင်းဆိုထားသည်။ အဆိုပါ ကန်ဒေါ်လာ ၉၀၀ ဘီလီယံတန် အစီအမံအရ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းမိသားစုဝင်တစ်ဦးချင်းစီအား ကန်ဒေါ်လာ ၆၀၀ စီ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် ဆူဆန်ကော်လင်းနှင့် ဘိုင်ဒင်အစိုးရ၏ အမျိုးသားစီးပွားရေးကောင်စီ ဒါရိုက်တာ ဘရိန်းဒီးစ်တို့ ဆွေးနွေးမှုတွင် ဆူဇန်ကော်လင်းက အစီအမံတစ်ရပ်ကို ချမပြမီ အဆိုပါအစီအမံ၏ အရွယ်အစားနှင့် ဧရိယာတို့ကို ကြိုတင်သုံးသပ်ရန် လိုအပ်သည်ဟု ထောက်ပြဝေဖန်ခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ဆိုင်ရာ သက်သာချောင်ချိရေးသည် ဘိုင်ဒင်အစိုးရ၏ ဦးစားပေး လုပ်ငန်းစဉ်ဖြစ်သလို စီးပွားရေးပြန်လည်နာလန်ထူမှုနှင့် ပြည်သူများ သက်သာချောင်ချိရေးအတွက် လိုအပ်သည့် အစီအမံတစ်ရပ်ဖြစ်ကြောင်း ဒီမိုကရက်အထက်လွှတ်တော်အမတ် ဒစ်ဒါဘင်က တုံ့ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အမေရိကန်နိုင်ငံတွင် သေဆုံးသူ လေးသိန်းကျော်နှင့် နေ့စဉ်ကူးစက်ခံရသူ ပျမ်းမျှအားဖြင့် ၁၇၅၀၀၀ ရှိပြီး သန်းပေါင်းများစွာသောပြည်သူများ အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။ ဥပဒေပြုလွှတ်တော်သည် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးအတွက် ကန်ဒေါ်လာ လေးထရီလီယံသုံးစွဲခွင့်ကို အတည်ပြုထားပြီးဖြစ်သော်လည်း ဘိုင်ဒင်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုအားလုံးကို ဖြေရှင်းရေးအတွက် နောက်ထပ်ကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ လိုအပ်သည်ဟု ပြောသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - မေလွဲ့သင်း

# အီသီယိုးပီးယားနှင့် ကင်ညာတို့တွင် ကန္တာရကျိုင်းကောင်များ ကျရောက်နိုင်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ သတိပေးပြောကြား

**ဂျီနီဗာ  ဇန်နဝါရီ ၂၅**
အီသီယိုးပီးယားနိုင်ငံနှင့် ကင်ညာနိုင်ငံတို့၏ ဒေသအများစုတွင် လာမည့်သီတင်းပတ်များအတွင်း ကန္တာရ ကျိုင်းကောင်များ ကျရောက်နိုင်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ဇန်နဝါရီ ၂၅ ရက်တွင် သတိပေးပြောကြားခဲ့သည်။

အာဖရိကဦးချိုဒေသတစ်ဝန်းတွင် ခြောက်သွေ့သောရာသီဥတုအခြေအနေကြောင့် ကင်ညာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့၌ ကန္တာရကျိုင်းကောင်များ အစုလိုက်အပြုံလိုက်ကျရောက်မှုကို ဖြစ်ပေါ်စေလိမ့်မည်ဟု မျှော်လင့်ရကြောင်းလည်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် အီသီယိုးပီးယားနိုင်ငံနှင့် ကင်ညာနိုင်ငံတို့သည် ကန္တာရကျိုင်းကောင်များ အစုလိုက်အပြုံလိုက် ကျရောက်မှုကို လျှော့ချရန်အတွက် မြေပြင်နှင့် ဝေဟင်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရသည်။

ယခုလအစောပိုင်းကလည်း ကန္တာရကျိုင်းကောင်များ ကျရောက်မှုကို တိုက်ဖျက်ရန်အတွက် လေယာဉ်များနှင့် ရဟတ်ယာဉ်များကို အသုံးပြုခဲ့ရကြောင်း အီသီယိုးပီးယားအစိုးရက ကြေညာခဲ့သည်။ ကန္တာရကျိုင်းကောင်များ ပျံ့နှံ့နိုင်မှုအတိုင်းအတာကို အကဲဖြတ်ရန်နှင့် ကန္တာရကျိုင်းကောင်များ ကျရောက်သည့်ဒေသများတွင် ဓာတုဆေးရည်များ ဖျန်းပက်ရန်တို့အတွက် အဆိုပါ လေယာဉ်များနှင့် ရဟတ်ယာဉ်များကို အသုံးပြုခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - အလင်းသစ်

# ဩစတြေးလျ၌ အပူလှိုင်းကျရောက်မှုကြောင့် မြို့ကြီးများအားလုံး မီးဘေးအန္တရာယ်ကျရောက်

**အက်ဒလိတ်  ဇန်နဝါရီ ၂၅**
ဩစတြေးလျနိုင်ငံတစ်ဝန်း အပူလှိုင်းကျရောက်လျက်ရှိပြီး နေ့အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိနေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိကာ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများအားလုံးတွင် အရေးပေါ် မီးဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တောင်ဩစတြေးလျ၊ တက်စ်မေးနီးယား၊ ဗစ်တိုးရီးယား၊ နယူးဆောက်ဝေးလ်နှင့် ကွင်းစလန်းပြည်နယ်များတွင် အပူလှိုင်းကျရောက်မည်ဟု မိုးလေဝသဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၂၂ ရက်ကတည်းက ကြေညာထားခဲ့ပြီးဖြစ်သည်။

ယနေ့ တောင်ဩစတြေးလျပြည်နယ်တွင် အပူချိန်မြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ကာ ပြည်နယ်မြို့တော် အက်ဒလိတ်တွင် မီးခိုးများ ဖုံးလွှမ်းလျက်ရှိပြီး ကပ်လျက်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်တွင်လည်း အရေးပေါ် မီးဘေးသတိပေးချက် ထုတ်ပြန်ထားရသည်။ တောင်ဩစတြေးလျပြည်နယ်တွင် တောမီးကြောင့် မြေဧရိယာ ၂၅၀၀ ဟက်တာ လောင်ကျွမ်းခဲ့ပြီး လူနေအိမ်များလည်း ပျက်စီးခဲ့ကြောင်း ပြည်နယ်မီးသတ်ဌာနက ထုတ်ပြန်ခဲ့သည်။

ဗစ်တိုးရီးယားပြည်နယ်မြို့တော် မဲလ်ဘုန်းနှင့် နယူးဆောက်ဝေးလ်ပြည်နယ်မြို့တော် ဆစ်ဒနီတို့တွင် အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်အထက် ရောက်ရှိနေကြောင်း သိရသည်။ သို့ရာတွင် ယခုအပူချိန်သည် ယမန်နှစ် အပူချိန်နှင့် နှိုင်းယှဉ်ပါက လေထုအတွင်း စိုစွတ်မှုတိုးလာသလို အပူချိန်လျော့နည်းခဲ့ကြောင်း မိုးလေဝသပညာရှင်များက ထုတ်ပြန်ခဲ့သည်။ ဩစတြေးလျ၏ နွေကာလသည် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး ယင်းကာလတွင် အပူချိန်မြင့်မားခြင်းကြောင့် တောမီးများလောင်ကျွမ်းကာ စိုက်ပျိုးမြေ ဧရိယာများစွာ ပျက်စီးဆုံးရှုံးရလေ့ရှိသည်။

ကိုးကား- ဘီဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း



# အစ္စရေးနိုင်ငံ၌ အသက် ၁၆ နှစ်မှ ၁၈ နှစ်အရွယ်ရှိသူများအား ကာကွယ်ဆေးထိုးနှံပေးမှု စတင်




**ဂျေရုဆလင် ဇန်နဝါရီ ၂၅**

အစ္စရေးနိုင်ငံသည် စာမေးပွဲမဖြေဆိုမီကာလအတွင်း အသက် ၁၆ နှစ်မှ ၁၈ နှစ်အရွယ်ရှိသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုစတင်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အသက်အရွယ်ကြီးရင့်သူများဖြင့် စတင်ခဲ့သော်လည်း လက်ရှိတွင် အသက် ၄၀ နှစ်နှင့် အထက်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အစ္စရေးနိုင်ငံသည် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းကို ဖေဖော်ဝါရီလတွင် စတင်ရန် မျှော်လင့်လျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံမှုတွင် မိဘများ၏ ခွင့်ပြုချက်ဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်အရွယ်ရှိသူများ ပါဝင်လာခြင်းသည် ကျောင်းသားကျောင်းသူများ ကျောင်းပြန်လည်တက်ရောက်နိုင်ရန်နှင့် စာမေးပွဲများကို စနစ်တကျကျင်းပရန် ရည်ရွယ်ကြောင်းလည်း အစ္စရေးပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သို့ရာတွင် အစ္စရေးနိုင်ငံ၌ လာမည့်လအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်မည်လားဆိုသည်ကို ဖြေကြားရန်မှာ စောလွန်းနေသေးကြောင်း အစ္စရေးပညာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၉ ရက်တွင်စတင်ခဲ့ပြီး နှစ်ကုန်ဆုံးချိန်တွင် နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၉၆၀၀ နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၉၂ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်းစ်တက္ကသိုလ်က စုဆောင်းရရှိသည့်အချက်အလက်များအရ သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**

# ပြင်သစ်၌ ကိုဗစ်-၁၉ ရောဂါ အရေးပေါ်အခြေအနေရောက်နေဟု အစိုးရ၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ် သတိပေး

**ပါရီ ဇန်နဝါရီ ၂၅**

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမှာ အရေးပေါ်အခြေအနေ ရောက်ရှိနေပြီဖြစ်သောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တတိယအကြိမ် အသွားအလာကန့်သတ်မှုဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း အစိုးရ၏ထိပ်တန်းအကြံပေးပုဂ္ဂိုလ် ပါမောက္ခ ယွန်ဖရန်ကိုဒယ်ဖရေစီက ယမန်နေ့တွင် သတိပေးပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တင်းကျပ်သည့် ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားခဲ့သော်လည်း ရောဂါကူးစက်မှုနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိသည်။ ပြင်သစ်နိုင်ငံ ဒေသအချို့ရှိ ရောဂါကူးစက်မှု၏ ခုနစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းမှာ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရခြင်းဖြစ်ပြီး အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်သည် ယခင်တွေ့ရှိရသည့် ဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်း ၇၀ ရာခိုင်နှုန်း ပိုမိုလျင်မြန်သည်။ ဒယ်ဖရေစီက ဗီဇပြောင်းဗိုင်းရပ်စ်အား ဒုတိယကပ်ရောဂါဟုပင် သတ်မှတ်ရမည်ဖြစ်ပြီး ထိန်းချုပ်ရေးအတွက် ယခုထက် တင်းကျပ်သည့် အစီအမံများ ချမှတ်ရတော့မည်ဟုဆိုသည်။ ဆက်လက်ပြီး "ပိုမိုတင်းကျပ်တဲ့ အစီအမံတွေကို မဖော်ဆောင်ဘူးဆိုရင် လာမယ့်မတ်လလယ်လောက်ဆို အင်မတန်ခက်ခဲတဲ့ အခြေအနေကို ရောက်ရှိသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ပြင်သစ်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ လာမည့် ဇန်နဝါရီ ၂၇ ရက်တွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်သည်။ ပြင်သစ်ဝန်ကြီးချုပ် ယွန်ကာတက်စ်ကလည်း တင်းကျပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သောကြောင့် ပြင်သစ်အစိုးရအနေဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အမြန်ဆုံးဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်သင့်ပြီ ဖြစ်ကြောင်း တိုက်တွန်းထားသည်။

သို့ရာတွင် ပြင်သစ်အစိုးရအဖွဲ့တာဝန်ရှိသူအများစုက တတိယအကြိမ် အသွားအလာလုံးဝကန့်သတ်ချက် ချမှတ်သည်ထက် ညမထွက်ရအမိန့်ကို အချိန်တိုးမြှင့်သတ်မှတ်ရန်နှင့် ကျောင်းများဆက်လက်ဖွင့်လှစ်ရန် ပိုမိုလိုလားမှုရှိနေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ဇန်နဝါရီ ၂၄ ရက်အထိ ပြင်သစ်နိုင်ငံတွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၇၃၀၀၀ ရှိပြီဖြစ်ရာ နိုင်ငံရပ်ခြားမှ ဝင်ရောက်လာမှုအား ကန့်သတ်ချက်များ ပိုမိုတင်းကျပ်ရန် ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ဥရောပသမဂ္ဂ (အီးယူ)၏အသစ်ချမှတ်သည့် စည်းမျဉ်းအရ အီးယူနိုင်ငံများမှ နိုင်ငံသားများအနေဖြင့် ၇၂ နာရီအတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိကြောင်း လက်မှတ်ပြသနိုင်မည်ဆိုပါက အီးယူအဖွဲ့ဝင်မည်သည့်နိုင်ငံကိုမဆို ဝင်ရောက်ရန် ခွင့်ပြုထားသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-မေလဲ့သင်း**



# တောင်အာဖရိက၊ ဗြိတိန်၊ ဥရောပနှင့် ဘရာဇီးနိုင်ငံမှ ခရီးသည်များ ဝင်ရောက်လာမှုကို အမေရိကန် ကန့်သတ်သွားမည်

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

တောင်အာဖရိက၊ ဗြိတိန်၊ အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ အမေရိကန်နိုင်ငံသား မဟုတ်သူများ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို ကန့်သတ်သွားရန် သမ္မတဘိုင်ဒင်က ဇန်နဝါရီ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာလိမ့်မည်ဖြစ်ကြောင်း အမေရိကန် ပြည်သူ့ကျန်းမာရေးထိပ်တန်းအရာရှိ ဒေါက်တာအန်နီ၏ ယမန်နေ့ပြောကြားချက်ကို ကိုးကား၍ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗြိတိန်၊ အီးယူအဖွဲ့ဝင် ၂၇နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ အမေရိကန်နိုင်ငံသား မဟုတ်သည့် ခရီးသွားများဝင်ရောက်လာမှုကို သမ္မတထရမ့်လက်ထက်ကပင် ကန့်သတ်ထားပြီးဖြစ်သော်လည်း တောင်အာဖရိကနိုင်ငံကိုမူ ကန့်သတ်စာရင်းတွင် ထပ်တိုးထည့်သွင်းရန် သမ္မတဘိုင်ဒင်က ဆုံးဖြတ်ထားကြောင်း ဒေါက်တာအန်နီက ဆိုသည်။ တောင်အာဖရိကနိုင်ငံတွင် စတင်ဖြစ်ပွားခဲ့သည့် 501Y.V2 ဗီဇပြောင်းဗိုင်းရပ်စ်မှာ ကူးစက်မှုနှုန်း ၅၀ ရာခိုင်နှုန်း ပိုမိုလျင်မြန်သကဲ့သို့ လက်ရှိထုတ်လုပ်ထားပြီး ကာကွယ်ဆေးများဖြင့် ကာကွယ်နိုင်ဖွယ်မရှိဟု တောင်အာဖရိကသိပ္ပံပညာရှင်များက အတည်ပြုခဲ့ပြီးနောက် တောင်အာဖရိကနိုင်ငံမှ ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ရန် သမ္မတဘိုင်ဒင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် တောင်အာဖရိကဗိုင်းရပ်စ်ကူးစက်မှုကို ယခုထိ မတွေ့ရှိရသေးသော်လည်း ဗြိတိန်ဗိုင်းရပ်စ်ဟုခေါ်သည့် B1.1.7 ဗိုင်းရပ်စ်ကူးစက်မှုသည် အမေရိကန်နိုင်ငံ၏ ပြည်နယ် ၂၀ ကျော်တွင် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အဆိုပါတားမြစ်စာရင်းဝင်နိုင်ငံများ၌ လတ်တလောရောက်ရှိနေသည့် အမေရိကန်နိုင်ငံသားများ၊ အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူများ၊ မိသားစုဝင်များကိုမူ အမေရိကန်နိုင်ငံတွင်းသို့ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-မေလဲ့သင်း**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းနီးပါးအထိရှိလာ

**ဂျကာတာ ဇန်နဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၉၄ ဦးရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၈၉၂၅၆ ဦးအထိ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၁၀၆၇၈ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၀၉၄၈၈ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် ၃၄ ခုစလုံးတွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ဂျကာတာတွင် ၂၄၅၁ ဦး၊ အနောက်ဂျာဗားတွင် ၂၀၂၂ ဦး၊ အလယ်ဂျာဗားတွင် ၁၅၁၃ ဦး၊ အရှေ့ဂျာဗားတွင် ၈၈၈ ဦး၊ တောင်ဆူလာဝေစီတွင် ၆၀၆ ဦးအသီးသီးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၄ ရက်တွင် ကျန်းမာရေးဝန်ထမ်းများကို ထိုးနှံပေးခြင်းဖြင့် စတင်ခဲ့ပြီး တရုတ်နိုင်ငံ၏ဆေးဝါးကုမ္ပဏီ Sinovac Biotech က ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးရောက်ရှိမှု နှောင့်နှေးခြင်းအပေါ် ဥပဒေကြောင်းအရ တုံ့ပြန်ရန် အီတလီပြင်ဆင်

**မီလန် ဇန်နဝါရီ ၂၅**

အီတလီနိုင်ငံသို့ Pfizer နှင့် AstraZeneca ကိုဗစ်ကာကွယ်ဆေးများရောက်ရှိမှု ကြန့်ကြာခဲ့ခြင်းအတွက် ကာကွယ်ဆေးကုမ္ပဏီများအနေဖြင့် စာချုပ်ပါစည်းမျဉ်းအတိုင်းဆောင်ရွက်ရန် ပျက်ကွက်မှုအပေါ် ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး လူဂီဒီမိုင်အိုက ယမန်နေ့တွင် အတည်ပြုခဲ့သည်။

အီးယူ (ဥရောပသမဂ္ဂအဖွဲ့ဝင်) နိုင်ငံများသည် Pfizer နှင့် AstraZeneca ကာကွယ်ဆေးများ ဝယ်ယူထားပြီး အဖွဲ့ဝင်နိုင်ငံအများစုက ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို ဒီဇင်ဘာ ၂၇ ရက်တွင် တစ်ပြိုင်နက်တည်း စတင်ခဲ့သည်။ ဆေးကုမ္ပဏီများအနေဖြင့် ကာကွယ်ဆေးဖြန့်ဖြူးပေးမှုတွင် ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပြီးနောက် အီတလီနိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဥပဒေကြောင်းအရ တုံ့ပြန်ရန်ဆောင်ရွက်ချက်သည် ဆေးကုမ္ပဏီများအနေဖြင့် စာချုပ်ပါအချက်များအတိုင်း လိုက်နာရန်အတွက် ဖိအားပေးခြင်းသာဖြစ်ပြီး လျော်ကြေးရရှိလိုမှုကြောင့် ဆောင်ရွက်ခြင်းမဟုတ်ကြောင်း ဝန်ကြီး လူဂီဒီမိုင်အိုက ဆက်လက်ပြောကြားသည်။

" ဒါက ဥရောပဒေသအတွက် ချုပ်ဆိုထားတဲ့ စာချုပ်ပါ။ Pfizer နဲ့ AstraZeneca ကုမ္ပဏီတွေအနေနဲ့ သူတို့လက်မှတ်ရေးထိုးထားတဲ့ စာချုပ်တွေအပေါ် လေးစားမှုကင်းမဲ့ခဲ့ပါတယ်။ ဒီအချက်ကြောင့်ပဲ သူတို့ကို ဥပဒေကြောင်းအရတုံ့ပြန်မှု ဆောင်ရွက်သွားပါမယ်" ဟု ဝန်ကြီးက ပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း Pfizer ကုမ္ပဏီသည် ထုတ်လုပ်မှုပမာဏမြှင့်တင်နိုင်ရန် အပြောင်းအလဲများ ဆောင်ရွက်ခဲ့သဖြင့် ဥရောပသို့ဖြန့်ချိလျက်ရှိသည့် ကာကွယ်ဆေးပမာဏ ခေတ္တလျော့ကျခဲ့ရခြင်း ဖြစ်သည်။ အလားတူ AstraZeneca ကုမ္ပဏီဘက်ကလည်း ထုတ်လုပ်ရေးတွင် ပြဿနာအချို့ရှိနေသည့်အတွက် ဥရောပနိုင်ငံများသို့ ကာကွယ်ဆေး ဖြန့်ချိပေးနိုင်မှုပမာဏ ယာယီကျဆင်းမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ရက်ကပင် အတည်ပြုခဲ့သည်။

ဆေးကုမ္ပဏီများအနေဖြင့် စာချုပ်ပါအချက်အလက်များကို လေးစားလိုက်နာရန်အတွက် ဥပဒေကြောင်းအရ ဆောင်ရွက်သွားရန်ရှိနေကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မစ်ချယ်ကလည်း အတည်ပြုခဲ့သည်။ သို့ရာတွင် အဆိုပါပြောကြားချက်များကို Pfizer နှင့် AstraZeneca ကုမ္ပဏီ တာဝန်ရှိသူများက ယခုထိ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၉၈၄၂၀၄၆ | ဦး |
| သေဆုံးသူ | ၂၁၄၀၅၂၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၁၈၄၇၁၇၂ | ဦး |

## အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ (၆၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**
အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက (၆၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။



ယင်းသွေးလှူဒါန်းပွဲတွင် တပ်ဖွဲ့ဝင် ၆၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းဝင်း၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်နှင့် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးတင်ထွဋ်တို့က သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားကာ အာဟာရဖြစ်စေမည့် အားဆေး၊ ကြက်ဥနှင့် အချိုရည်ဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား




## ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်မှုကာလအတွင်း ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်သည့် ငါးလှေတစ်စင်းအား အရေးယူ

**ကော့သောင်း ဇန်နဝါရီ ၂၅**
ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေး မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် ကူးသန်းသွားလာမှုပိတ်သိမ်းထားပြီး နှစ်နိုင်ငံနယ်စပ်ရေပြင်တစ်လျှောက် လုံခြုံရေးအဖွဲ့များက စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့သို့ တရားမဝင် သွားရောက်ကာ ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်လာသည့်ငါးဖမ်းလှေတစ်စင်းအား ကော့သောင်းရေကြောင်း ရဲတပ်ဖွဲ့မှ တားဆီးအရေးယူခဲ့ကြောင်း သိရသည်။

ထွန်းလင်းအောင်(၅)အမည်ရှိ အဆိုပါငါးဖမ်းလှေမှာ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ တရားမဝင်သွားရောက်ကာ ပဲ့နင်း ဦးဝင်းခိုင်နှင့် လှေသား မောင်လင်းလင်းဦးတို့ နှစ်ဦး မောင်းနှင်လာရာ ပါချန်မြစ် အရှေ့တောင်ဘက်တွင် ပင်လယ်ပြင်လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့ ရဲမှူး ရဲမင်းထက်ကွပ်ကဲဦးစီးသော ရဲရေယာဉ်မှ တွေ့ရှိထိန်းသိမ်းအရေးယူခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသည့် ငါးဖမ်းလှေအပါအဝင် ပဲ့နင်း လှေသားနှစ်ဦးတို့အား ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၆ ရက်မှ ၂၃ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နတ်နန်းကျေးရွာအုပ်စု အရှေ့ဘက် (၃)မိုင်ခွဲခန့်အကွာမှ တရားမဝင် အင်/ကညင်သစ် ၃၃ ဒသမ ၃၃၂၀ တန်ကိုလည်းကောင်း၊ မုံရွာ/ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မုံရွာ-ကလေးဝကားလမ်း မိုင်တိုင်(၁၀/၄) တရော်ကျင်းကျေးရွာအနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ချပ် သုည ဒသမ ၉၅၅၀ တန်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဖောင်တော်ဦးဆိပ် အရှေ့ဘက် (၁)မိုင်ခန့်အကွာ နေရာ၌ စက်လှေ တစ်စင်းပေါ်မှ တရားမဝင် တောင်သရက်/တောင်စကိုင်း ခွဲသား ၁၄ ဒသမ ၂၃၁၈ တန်ကို ပြစ်မှုကျူးလွန်သူ သုံးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

## မုဒုံမြို့နယ် ကျိုက်ကာကျေးရွာ၌ အမှိုက်မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွား

**မုဒုံ ဇန်နဝါရီ ၂၅**
မွန်ပြည်နယ် မုဒုံမြို့နယ် ကျိုက်ကာကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က အမှိုက်များ မီးပုံရှို့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးစောစိုးစိုးမြင့် ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မြို့နယ်အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ကျေးရွာနေပြည်သူများတို့က မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသည်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ မုဒုံမြို့နယ် နိုင်လှုံကျေးရွာအုပ်စု နိုင်လှုံကျေးရွာနေ ဦးမြင့်ဝေသည် ၎င်း၏ ရော်ဘာခြံတွင် အမှိုက်များ မီးပုံရှို့ရာမှ အနီးရှိရော်ဘာစိုက်ခင်းသို့ မီးကူးစက်လောင်ခဲ့ရာ ဧက ၂၀ ကျော် ရော်ဘာပင်ပေါင်း ၄၀၀၀ ကျော်ခန့် မီးလောင်ခဲ့ပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခြံပိုင်ရှင်အား မုဒုံမြို့နယ် ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အောင်မျိုးသူ(မုဒုံ)

## ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၃ ရက် ည ၁၀ နာရီတွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်အား စစ်ဆေးရှာဖွေရာ ခရီးသည် မသင်းသင်းမာထံမှ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် မဇော်ဂျီမြင့်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်တွင် လော်ဘာမောင်းနှင်ပြီး မအားထွန့် လိုက်ပါလာသည့်ဆိုင်ကယ်နှင့် အားတု မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မသင်းသင်းမာနှင့် မဇော်ဂျီမြင့်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဒီးမော့ဆိုမြို့နယ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ဒီးမော့ဆို ဇန်နဝါရီ ၂၅**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် နောင်ပုလဲကျေးရွာအုပ်စု (၄)မိုင်ကဖုကျေးရွာတွင် ယနေ့နံနက် ၁ နာရီခန့်က မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒီးမော့ဆိုမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၄ ရက်က နောင်ပုလဲကျေးရွာအုပ်စု (၄)မိုင်ကဖုကျေးရွာနေ မစီစီးလျာ၏ နေအိမ်ရှိ မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးလောင်ခဲ့ရာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေရှိ ပျဉ်ထောင်၊ သွပ်မိုးထားသော နေအိမ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ထောင်စုတစ်စုရှိ အမျိုးသား နှစ်ဦး၊ အမျိုးသမီး လေးဦး မီးဘေးသင့်ခဲ့သဖြင့် မစီစီးလျာအား ဒီးမော့ဆိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရီရယ်(ဒီးမော့ဆို)



## မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**
ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဇော်လတ်မျိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီ ၅ မိနစ်က နယ်မြေ လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၌ မသင်္ကာဖွယ်တွေ့ရှိသူ သန့်ဇော်နှင့် သက်နိုင်ဦး(ခ) ကိုကိုတို့နှစ်ဦးအား စစ်ဆေးရာ သန့်ဇော်ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၅၀ နှင့် သက်နိုင်ဦး(ခ) ကိုကိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြားတို့ကို အသီးသီး သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မြဝတီမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

❖

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

# ပြည်သူတွေက တကယ်ပဲ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်



ကျွန်မတို့ ဒီကာကွယ်ဆေးအတွက် ရန်ပုံငွေထူထောင်လိုက်တယ် ဆိုတာလည်း ကျွန်မတို့ ပြည်သူတွေ သိမှာပါပဲ။ ထုံးစံအတိုင်းပါပဲ။ ကျွန်မတို့ ပြည်သူတွေက တကယ်ပဲအရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ အားလုံးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ထည့်ကြပါတယ်။ ပထမဦးဆုံးတော့ နိုင်ငံတော်ကနေပြီးတော့ ကျပ် ၁ ဘီလီယံပေါ့။ သန်းတစ်ထောင်ကို ထည့်လိုက်ပါတယ်။ မတည်လိုက်ပါတယ်။ ဒီရန်ပုံငွေကို အခုအလှူရှင်တွေက စေတနာရှင်တွေနဲ့ ဝိုင်းပြီးတော့ ထည့်တာဟာ ၁၈ ဒသမ ၇၈၁ ဘီလီယံ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူတွေ ဘယ်လောက်ရက်ရောလဲဆိုတာ အဲဒါကို မြင်နိုင်ပါတယ်။ ဒါကတော့ ကျပ်ငွေနဲ့ပေါ့။ နောက်ပြီးတော့ အမေရိကန်ဒေါ်လာနဲ့ဆိုရင် ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ သန်း ၂၅၀ ပံ့ပိုးလိုက်ပါတယ်။ အဲဒီတော့ ဝိုင်းဝန်းပြီးတော့ ပြည်သူတွေက ထည့်တဲ့ဟာကလည်း ရှိပါသေးတယ်။ အဲဒီတော့ ကျွန်မတို့ အခြေအနေက ကောင်းတယ်လို့ ကျွန်မပြောနိုင်ပါတယ်။ ဝိုင်းဝန်းပြီးတော့ ပြည်သူတွေကထည့်တာ ကျွန်မထင်တာကတော့ ၂ ဒသမ ၉၇ သန်းကျော်ပါတယ်။ ဒါကတော့ အမေရိကန်ဒေါ်လာနဲ့ပေါ့။ ဒါကျွန်မတို့ အလှူရှင်တွေ ဝိုင်းဝန်းပြီးတော့ ထည့်တာပါ။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ထိုက်ထိုက်တန်တန်နဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကာကွယ်ဖို့အတွက် ပြည်သူလူထုကို ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးထိုးပေးနိုင်ဖို့အတွက် သုံးသွားမှာပါ။ ဘာမှလည်း အဖိတ်အစင် မဖြစ်စေရပါဘူး။ ပြည်သူတွေအနေနဲ့လည်း ဒီလိုဝိုင်းဝန်းပြီးတော့ ကူညီမစတဲ့အတွက် ကျွန်မတို့အင်မတန်မှ ကျေးဇူးတင်တယ်လို့လည်း ပြောချင်ပါတယ်။

( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၁-၁-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၈၃ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၄-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၃)ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၅-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၂၆) ခု | (၄၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၀၄) ခု | (၁၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၂၈) ခု | (၇၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၀) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၉၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၀) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၅) ခု | (၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၂၈၇) ခု | (၂၆) ဦး |
| စုစုပေါင်း | (၁၇,၉၂၄) ခု | (၃၈၃) ဦး |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၁၆-၁-၂၁ | ၁၇-၁-၂၁ | ၁၈-၁-၂၁ | ၁၉-၁-၂၁ | ၂၀-၁-၂၁ | ၂၁-၁-၂၁ | ၂၂-၁-၂၁ | ၂၃-၁-၂၁ | ၂၄-၁-၂၁ | ၂၅-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၈,၀၀၅ | ၁၇,၆၅၆ | ၁၈,၈၃၅ | ၂၀,၆၉၄ | ၂၀,၄၇၆ | ၁၉,၁၄၇ | ၁၇,၆၁၉ | ၂၀,၃၉၇ | ၁၈,၇၀၆ | ၁၇,၉၂၄ |
| ပိုးတွေ့လူနာ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ | ၄၂၆ | ၅၀၇ | ၄၇၆ | ၃၈၃ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၇ | ၂.၅ | ၂.၅ | ၂.၂ | ၂.၃ | ၂.၃ | ၂.၄ | ၂.၅ | ၂.၅ | ၂.၁ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၆–၁–၂၀၂၁)ရက်နေ့မှ (၂၅–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၈,၉၅၆) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်(mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ
(၂၅–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၉၂၄) ဦး | (၂,၂၈၆,၈၇၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၃၈၃) ဦး | (၁၃၇,၄၅၉) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၅၈) ဦး | (၁၂၂,၁၀၆) ဦး |
| သေဆုံးလူနာ | (၇) ဦး | (၃,၀၅၉) ဦး |

- ယနေ့ သေဆုံးသူ (၇) ဦးအနက် ရောဂါအခံရှိသူ (၆) ဦးပါရှိပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၅၈) ဦးတွင် –
  - ဆေးရုံများ – (၃၇၈) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၈၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၄၁၀)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (COVID– 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၅**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားများ အလှည့်ကျ ဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေး ကော်မတီ(CCSC)မှစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၅၅ ဦး၊ ဟောင်ကောင်မှ လေးဦး၊ တူရကီမှ တစ်ဦး၊ စပိန်မှ တစ်ဦး၊ ဖိလစ်ပိုင်မှ နှစ်ဦး၊ ဘရာဇီးမှ ခုနစ်ဦး၊ စင်ကာပူမှ သုံးဦး၊ အီဂျစ်မှ လေးဦး၊ ဗီယက်နမ်မှ တစ်ဦး၊ မလေးရှားမှ နှစ်ဦး၊ ကနေဒါမှ တစ်ဦး၊ ထိုင်းမှ တစ်ဦး၊ ပါကစ္စတန်မှ တစ်ဦးနှင့် အင်ဒိုနီးရှားမှ ၂၉ ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၁၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ် များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီ များ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေး လျက်ရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၇၀၃၉၉၇ | ၁၅၄၁၀၃၁၃ | ၄၂၉၄၉၉ |
| ၂။ | အိန္ဒိယ | ၁၀၆၆၈၆၇၄ | ၁၀၃၃၀၀၈၄ | ၁၅၃၅၀၈ |
| ၃။ | ဘရာဇီး | ၈၈၄၄၆၀၀ | ၇၆၅၃၇၇၀ | ၂၁၇၀၈၁ |
| ၄။ | ရုရှား | ၃၇၃၈၆၉၀ | ၃၁၅၀၇၆၃ | ၆၉၉၁၈ |
| ၅။ | ဗြိတိန် | ၃၆၄၇၄၆၃ | ၁၆၃၁၄၀၀ | ၉၇၉၃၉ |
| ၆။ | ပြင်သစ် | ၃၀၅၃၆၁၇ | ၂၁၆၉၆၅ | ၇၃၀၄၉ |
| ၇။ | စပိန် | ၂၆၀၃၄၇၂ | စိစစ်ဆဲ | ၅၅၄၄၁ |
| ၈။ | အီတလီ | ၂၄၆၆၈၁၃ | ၁၈၈၂၀၇၄ | ၈၅၄၆၁ |
| ၉။ | တူရကီ | ၂၄၂၉၆၀၅ | ၂၃၀၇၇၂၁ | ၂၅၀၇၃ |
| ၁၀။ | ဂျာမနီ | ၂၁၄၇၇၄၀ | ၁၈၂၃၅၀၀ | ၅၂၇၇၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၉၉၉၂၅၆ | ၈၀၉၄၈၈ | ၂၈၁၃၂ |
| ၂။ | ဖိလစ်ပိုင် | ၅၁၄၉၉၆ | ၄၇၅၄၂၂ | ၁၀၂၉၂ |
| ၃။ | မလေးရှား | ၁၈၆၈၄၉ | ၁၄၅၀၈၄ | ၆၈၉ |
| ၄။ | မြန်မာ | ၁၃၇၉၅၇ | ၁၂၂၁၁၆ | ၃၀၆၉ |
| ၅။ | စင်ကာပူ | ၅၉၃၅၂ | ၅၉၀၄၁ | ၂၉ |
| ၆။ | ထိုင်း | ၁၃၆၈၇ | ၁၀၆၆၂ | ၇၅ |
| ၇။ | ဗီယက်နမ် | ၁၅၄၉ | ၁၄၂၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၅၈ | ၄၀၉ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၅ | ၁၆၉ | ၃ |
| ၁၀။ | လာအို | ၄၄ | ၄၁ | ၀ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး / အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၅**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာ သန္တာလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသီတာလှနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန် နိုင်ငံတော်သို့ အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**
နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူရေးအတွက် အသုံးပြုနိုင်ရန် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ သပြေညို ပညာဒါနအကျိုးဆောင်အသင်းဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့များက ငွေကျပ် သိန်း ၈၀၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့နေ စေတနာရှင် အလှူရှင် ပြည်သူများ စုပေါင်း၍ ပထမအကြိမ် ငွေကျပ် ၁၀၂ သိန်း စုစုပေါင်းငွေကျပ် ၁၈၂ သိန်းကို ပထမအကြိမ် လှူဒါန်းခြင်းနှင့် ထောက်ကြန့်မြို့နေ စေတနာရှင် အလှူရှင်ပြည်သူ များက စုပေါင်း၍ ဒုတိယအကြိမ် ငွေကျပ် ၂၈ သိန်း လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ထောက်ကြန့်မြို့ရှိ သပြေညိုပညာဒါန အကျိုးဆောင်အသင်းရုံးခန်းမ၌ ကျင်းပသည်။


အဆိုပါ အခမ်းအနားတွင် စေတနာရှင်အလှူရှင် ပြည်သူများ စုပေါင်း လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များကို အလှူရှင်များထံ ပြန်လည်ပေးအပ်သည်။

စေတနာအလှူရှင်ပြည်သူများ ပထမအကြိမ် ထည့်ဝင်လှူဒါန်းခဲ့ကြသော အလှူငွေကျပ် ၁၈၂ သိန်းကို ဇန်နဝါရီ ၂၃ ရက်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူ ရေး လှူဒါန်းငွေစာရင်းသို့ လွှဲပို့လှူဒါန်းခဲ့ပြီးဖြစ်ကာ စေတနာရှင်ပြည်သူများ၏ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၂၈ သိန်းကိုလည်း ထပ်မံပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ကိုဗစ်-၁၉ ကာကွယ် ဆေးဝယ်ယူရေးငွေစာရင်းသို့ လွှဲပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဥဏ်ဟိန်း

## အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ သင်တန်းဖွင့်လှစ်နိုင်ရေး အွန်လိုင်းဖြင့် ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၅**
အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ကော်မတီနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ပထမအကြိမ် မြန်မာ ကင်းထောက် ဆရာဖြစ်သင်တန်း (Woodbadge) ဖွင့်လှစ်နိုင်ရေး အွန်လိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။



အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ သင်တန်း တာဝန်ခံ ဟောင်ကောင်ကင်းထောက် အဖွဲ့မှ Mr. Wilson Lai နှင့် နိုင်ငံတကာ မှ ကင်းထောက်သင်တန်းနည်းပြ ဆရာ များ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ချုပ်မှ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက် ချုပ် ဦးသာစိန်နှင့် ကင်းထောက်မှူး ချုပ်များ၊ ကင်းထောက်ကြီးများက သင်တန်းဖွင့်လှစ်နိုင်ရေး ကြိုတင် ပြင်ဆင်ထားမှု အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသင်တန်းကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှ-ပစိဖိတ်ဒေသ ကင်းထောက်ထောက်ပံ့ရေးဌာနခွဲ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာ ကင်းထောက် ဆရာဖြစ်သင်တန်း (Woodbadge)ကို ကမ္ဘာ့ကင်းထောက် အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီ နိုင်ငံတကာမှ သင်တန်းနည်းပြဆရာများက ကမ္ဘာ့ ကပ်ရောဂါ အခြေအနေကြောင့် အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချပေး ရန် စီစဉ်ခြင်းဖြစ်သည်။

နေပြည်တော်တွင် အာရှ-ပစိဖိတ် ဒေသ ကင်းထောက်ကော်မတီမှ အခြေခံ ကင်းထောက်ခေါင်းဆောင် သင်တန်း(Basic Unit Leaders Training) တက်ရောက်အောင်မြင်ခဲ့ သည့် ကင်းထောက်ကြီးများ၊ ကင်းထောက် ဆရာ ဆရာများ၊ ကျောင်းသား ကျောင်းသူများ ၆၀ အား ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၆ ရက်တို့တွင် ပထမအသုတ် အဖြစ်လည်းကောင်း၊ တက္ကသိုလ် ကင်းထောက်ခေါင်းဆောင်များအား မတ်လတွင်လည်းကောင်း အွန်လိုင်း စနစ်ဖြင့် သင်ကြားပို့ချပေးရန် စီစဉ် ထားကြောင်း သိရသည်။

သတင်းစဉ်

## ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်း

**ကျိုက်ထို ဇန်နဝါရီ ၂၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၆ သန်းဖြင့် ကရင် အမျိုးသားစီးပွားအနာဂတ်လှပရေး ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကော့ထင်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေကို ယနေ့တွင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင် နီယာ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ခဲ့သည်။

အဆိုပါ ကော့ထင်းကျေးရွာ ကုန်ထုတ်လမ်းကို အတိုင်းအတာ(၄၀၀၀'x ၁၂'x ၁'၉") ဆောင်ရွက်မည် ဖြစ်ပြီး ကုန်ထုတ်လမ်းဆောက်လုပ်ပြီးစီးပါက စိုက်ပျိုးမြေဧက ၅၀၀ ကျော် အကျိုးပြုမည်ဖြစ် ကြောင်း သိရသည်။

ကြေးမုံ

# မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရေး ရန်ပုံငွေအတွက် ကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်း

**မူဆယ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ တော်ဝင်ထျန်းရီအုပ်စု ကုမ္ပဏီနှင့် တရုတ်-မြန်မာစီးပွားရေးစကြံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ဝယ်ယူရေးရန်ပုံငွေအတွက် ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မူဆယ်မြို့ ခရိုင်/မြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ကျင်းပသည်။



**ပေးအပ်**

ဆက်လက်ပြီး ကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို တော်ဝင်ထျန်းရီအုပ်စု ကုမ္ပဏီနှင့် တရုတ်-မြန်မာစီးပွားရေးစကြံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ တာဝန်ရှိသူများက ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



# ပရဟိတအသင်းများအား သီပေါမြို့နယ် စာရေးဆရာအသင်းက ဂုဏ်ပြုအားပေး

**သီပေါ ဇန်နဝါရီ ၂၅**

ဒေသအတွင်းမှ တိုက်ပွဲရှောင်ပြည်သူများအား နေရာမရွေး အသက်စွန့်၍ သွားရောက်ကယ်ဆယ်ခေါ်ဆောင်ပေးခြင်း၊ ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် နေ့ညမရွေး ပါဝင်ကူညီပေးခြင်း၊ ချို့တဲ့နွမ်းပါးသူတို့၏ ကျန်းမာရေး၊ စားဝတ်နေရေးတို့အတွက် အထောက်အကူပြု အကူအညီပေးအပ်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး၊ လူနာပို့ဆောင်ရေးလုပ်ငန်းများ၌ ကိုယ်ကျိုးမပါ ပရဟိတစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်းပြုခဲ့ကြသည့် ပရဟိတအသင်းများအား သီပေါမြို့နယ်စာရေးဆရာအသင်းက စေတနာရှင်များနှင့် ပူးပေါင်း၍ ဂုဏ်ပြုအားပေးခဲ့သည်။

ဆက်လက်၍ သီပေါမြို့နယ်ဘော်ကြိုကျေးရွာ ပရဟိတအသင်းနှင့် အနောက်ရပ် ပရဟိတအသင်းတို့အား ဂုဏ်ပြုလွှာနှင့်ဂုဏ်ပြုပစ္စည်းများ၊ အလှူငွေကျပ် ၅၀၀၀၀ စီနှင့် အစိုးရထီလက်မှတ်များ၊ စာအုပ်စာစောင်များနှင့် နှာခေါင်းစည်းများကို သီပေါမြို့နယ် စာရေးဆရာအသင်းရုံး၌ ယနေ့မွန်းလွဲ ဆက်လက်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ပုသိမ်မြို့၌ နှစ်စဉ်မပျက် ရာမ၊ လက္ခဏာ ပန်းဆက်ပွဲတော် ကျင်းပမည်

**ပုသိမ် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂) နယ်မြေ ယိုးဒယားကုန်းတော်ပေါ်၌ တည်ရှိသော ဆရာသခင်ဘိုးတော်နှင့် ရာမ၊ လက္ခဏာ၊ သီတာဒေဝီ မင်းလေးပါးတို့ ကျောင်းတော်ရာတွင် နှစ်စဉ်နှစ်တိုင်း ပြာသိုလပြည့်ကျော် ၃ ရက်မှအစပြု၍ ထိုင်း(ယိုးဒယား)ရိုးရာမုန့်များပါဝင်မည့် မုန့်မျိုးစုံနှင့်ချိုချဉ်သစ်သီးစုံစွာဖြင့် စားတော်ဆက်ခြင်း၊ ဒေါနှ၊ သဇင်၊ စံပယ်၊ နှင်းဆီ၊ ခွာညိုပန်း အစရှိသော ပန်းမျိုး ၁၀၀၊ အမွှေးနံ့သာစုံလင်စွာဖြင့် ပန်းတော်ဆက်ပွဲ၊ စားတော်ဆက်ပွဲ ကျင်းပသည်။

ဆရာသခင်ဘိုးတော်နှင့် ရာမညီနောင် လက္ခဏာ၊ သီတာဒေဝီ၊ မဟေသီတို့ သရုပ်ဖော်ဇာတ်ပွဲကြီးဖြင့် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြာသိုလပြည့်ကျော် ၃ ရက် တစ်ရက်တည်းသာ ပန်းတော်ဆက်ပွဲနှင့် စားတော်ဆက်ပွဲကိုအကျဉ်းချုံး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးပိုစတာ စိုက်ထူခြင်း ဆောင်ရွက်

**မကွေး ဇန်နဝါရီ ၂၅**

မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးစိုးလှိုင်မြင့်နှင့် ဝန်ထမ်းများသည် မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသမျိုးရင်းမဟုတ်သည့် ငါးမျိုးများမွေးမြူခြင်းဆိုင်ရာ သတိပေးတားမြစ်နှိုးဆော်ချက်ပိုစတာအား ယနေ့ နံနက်ပိုင်းက မကွေးမြို့ရှိ အများပြည်သူ အပန်းဖြေရာနေရာဖြစ်သည့် ကန်သာကန်ပေါင်တွင် စိုက်ထူဆောင်ရွက်ခဲ့ကြောင်းနှင့် မကွေးမြို့ရှိ လူစည်ကားရာ ကမ်းနားလမ်း၊ ညောင်ကိုးပင်ဆိပ်တွင်လည်း ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေး ပိုစတာများကို ဆက်လက်စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ကျောဖုံးမှ**

ရောက်ရှိနေပြီး ပြိုင်ပွဲအတွက် ပြင်ဆင်ရာတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထီရယ်လ်ထန်သည် ဇန်နဝါရီတတိယပတ်ကတည်းက စင်ကာပူနိုင်ငံသို့ ကြိုတင်ရောက်ရှိနေခြင်းဖြစ်သည်။

ONE Championship သည် ၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲများကို ယခုလကတည်းက စတင်ကျင်းပနေခြင်းဖြစ်သည်။ ပထမဆုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့ကာ ဒုတိယပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ထီရယ်လ်ထန်၏ပွဲစဉ်မှာ တတိယမြောက်ပြိုင်ပွဲဖြစ်သည့် ဖေဖော်ဝါရီ ၅ ရက်တွင်ကျင်းပမည့်ပြိုင်ပွဲတွင် ပါဝင်လာခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - ONE Championship**

**◆ ဒီးမော့ဆိုမှ**

ငွေတောင်ဆည်သည် လယ်မြေဧက ၆၀၀၀ ကျော် ရေပေးဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၆၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ မြေသားတမံ အမျိုးအစားဖြစ်ကာ တမံအလျားပေ ၆၀၀၀၊ တမံအမြင့် ၃၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၈၉၂၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၇၀၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာဧက ၆၂၀ ရှိကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်အနေဖြင့် ယခင်နှစ်က နွေစပါးစိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးပြီး ဆည်၊ ကန်၊ ချောင်း၊ မြောင်းများတွင် ရေနည်းပါးသည့်အတွက် နွေစပါးစိုက်ဧက ၈၀၀ ခန့်သာ စိုက်ပျိုးနိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



# Yon Le Hui Club Open ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ဗိုလ်စွဲ၊ ၂၀၂၁ ခုနှစ်တွင် ဒုတိယမြောက် ချန်ပီယံဆုရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံ၌နေထိုင်ကာ ပြိုင်ပွဲများယှဉ်ပြိုင်နေသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် Yon Le Hui Club Open ပြိုင်ပွဲတွင် ဗိုလ်စွဲပြီး ၂၀၂၁ ခုနှစ်တွင် ဒုတိယမြောက် ချန်ပီယံဆုရယူနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်ကစားသမား ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲဝင်အရေအတွက်များပြားသောကြောင့် လက်ရည်စစ်ပွဲများ ကစားစေခဲ့ပြီး နောက်ဆုံးအဆင့်ကို ကစားသမား ၃၂ ဦးဖြင့် ကျင်းပခဲ့သည်။

ဘုန်းမြင့်ကျော်သည် ပြိုင်ပွဲတစ်လျှောက် တရုတ်ကစားသမားများနှင့်တွေ့ဆုံခဲ့ပြီး ဗိုလ်လုပွဲတွင် ကောင်ကျန်ဝူကို ၁၁-၉ ပွဲဖြင့် အနိုင်ရကာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဗိုလ်လုပွဲတွင် အိမ်ရှင်ပရိသတ်များ၏ ဖိအားကြောင့် ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း အကောင်းဆုံးကျော်ဖြတ်ကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သောကြောင့် ဆုကြေးအဖြစ် မြန်မာငွေကျပ်သိန်း ၆၀ နှင့် ညီမျှသည့် ပမာဏ ရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် ယခုလအတွင်း ပြိုင်ပွဲသုံးခုယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲနှစ်ခု၌ ချန်ပီယံဆုရယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ဒုတိယအကြိမ်မြောက်ရရှိသည့် ချန်ပီယံဆုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ဘုန်းမြင့်ကျော်သည် ပထမဆုံးချန်ပီယံဆုကို Ai Kie Hotel Piston Open ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - Ko Ar Ti Facebook**

# ညောင်ရွှေမြို့၌ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများနှင့် CERP အစီအစဉ်ဖြင့် ပံ့ပိုးခဲ့သည့်ငါးများ ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညောင်ရွှေငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်နှင့် ဝန်ထမ်းများသည် ယမန်နေ့က သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်းမဟုတ်သည့် ငါးမျိုးများမွေးမြူခြင်းဆိုင်ရာ သတိပေးတားမြစ်ချက် ပိုစတာကို ညောင်ရွှေငါးလုပ်ငန်းစခန်းဝင်းနှင့် ရွှေညောင်-ညောင်ရွှေကားလမ်းဘေးတို့၌ စိုက်ထူခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များအား ဈေးဆိုင်များနှင့် လမ်းဆုံတို့တွင် အများပြည်သူများသို့ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်ပြီး ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့်အဖွဲ့သည် CERP အစီအစဉ်အရ ထောက်ပံ့ပေးအပ်ထားသော ငါးသားပေါက်များ၏ ကြီးထွားနှုန်းနှင့် ရှင်သန်နှုန်းအား သိရှိနိုင်ရန် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းရွာ၊ တောင်ပို့ကိုးလုံးရွာ၊ တိလောရွာနှင့် ပေါရိသတ်ကျေးရွာများရှိ ငါးကန်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအား ငါးများဈေးနှုန်းချိုသာစွာ ရောင်းချပေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနတို့၏ ပူးပေါင်းမှုအစီအစဉ်ဖြင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာသမဝါယမအသင်းများနှင့် အဖွဲ့အစည်းသမအသင်းများအတွက် ငါးကြင်းဖြူ၊ ငါးမြစ်ချင်း၊ ငါးတန်နှင့် တီလားပီးယားပိဿာချိန် ၅၁၂ ပိဿာအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေး၊ တိုင်းသမဝါယမဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးမြင့်ဇော်ထွန်းနှင့် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ်၌ ကျေးရွာတွင်း ဂဝံ မြေနီလမ်းခင်းခြင်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လက်ပံတန်း ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်စိုး(လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ)၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ မြစ်မ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ဇောခိပင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဂဝံမြေနီလမ်း ပေ(၂၀၀၀ x ၁၀ x ၉)၊ ဆင်တလင်းကျေးရွာအုပ်စု ထန်းပင်ချောင်ရွာ ဂဝံမြေနီလမ်း ပေ (၇၅၀၀ x ၁၀ x ၉) ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လမ်းကော်မတီဝင်များ၊ မြစ်မ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၇-၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁၄-၃-၂၀၂၁** ရက်နေ့မှ **၁၅-၃-၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၀ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကျေးဇူးတင်လွှာ

၁၄-၁-၂၀၂၁ ရက် ည ၈:၅၅ နာရီတွင် ကွယ်လွန်သွားသော ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၊ ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန၊ ဥက္ကဋ္ဌ (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဗဟိုကော်မတီဌာနချုပ်) အသက် (၉၈)နှစ်၏ ဈာပနတွင် လွှမ်းသူပန်းခြင်းနှင့် အကူငွေပေးပို့ပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အစစအရာရာစီစဉ်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝိုင်းဝန်းကူညီပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးအောင်စိုးမိုးနှင့် မင်္ဂလာဒုံတပ်နယ်မှူး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ မင်္ဂလာဒုံတပ်စည်ပင်နှင့် ဆေးရုံတက်ရောက်ကုသစဉ်က အထူးဂရုစိုက် ကြပ်မတ်ကုသပေးပါသော တပ်မတော်ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်နှင့် ဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ သန့်ရှင်းရေးဝန်ထမ်းများ အားပေးနှစ်သိမ့်ကူညီ လှူဒါန်းပေးပါသော ပုသိမ်မြို့၊ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း) သီရိမင်္ဂလာပရဟိတကျောင်းနှင့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်သား မြေးများနှင့် အနယ်နယ်အရပ်ရပ်မှ ကူညီဖေးမကြသူ အားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်မြ (ဂုံနီ-ငြိမ်း)

### ရသေ့တောင်မြို့နယ်

### အသက်(၈၄)နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မြင်းကန်ချောင်းကျေးရွာနေ (ဦးရွှေအောင်-ဒေါ်မနှင်းဦး)တို့၏ သားကြီး၊ (ဦးသာထွန်းအောင်-ဒေါ်မလှ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ အောင်ဇေယျလမ်းမကြီး၊ အမှတ်(၁၃၄၉)နေ ဦးစောဆန်းအောင်-ဒေါ်ချိုချိုဦးတို့၏ ဖခင်၊ (ဒေါ်ညိုနုစိန်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁:၅၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၁-၂၀၂၁ (သောကြာနေ့)တွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ဘုရားအမှူးရှိသော ပင့်သံဃာတော်များအား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသောကြောင့် ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ယဉ်နု

### ယာဉ်/စက် (ငြိမ်း)

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅၄)နေ (ဦးအေးမောင်-ဒေါ်မြရင်)တို့၏ သမီး၊ ဦးစိုးဝင်း(ယာဉ်/စက်-ငြိမ်း) (ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားအသင်းချုပ်နှင့် ရမ်းဗြဲမြို့နယ် အသင်း-ရန်ကုန်)၏ ဇနီး၊ ဗိုလ်မှူးသန်းထိုက်စိုး-ဒေါက်တာခင်မူယာစိုး(ဆေးရုံအုပ်-ခုတင်-၅၀၀၊ အထူးကုဆေးရုံကြီး)၊ ဒေါ်စုစုဝင်း(တွဲဖက်ပါမောက္ခ၊ ကွန်ပျူတာတက္ကသိုလ်-မြစ်ကြီးနား)၊ ဦးသူရဇော်-ဒေါ်မိုးသီတာဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ကောင်းမြတ်စိုး၊ မောင်ရဲလင်းစိုး၊ မောင်ဘုန်းမျိုးထိုက်၊ မအေးမြတ်မိုးသူ၊ မမိုးစက်မေသူတို့၏ ချစ်လှစွာသော အဘွား သည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၂၁ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၅၄)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းသွပ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ယုံ

### အသက်(၇၈)နှစ်

ဘိုကလေးမြို့နေ (ဦးကျော်ပွင့်-ဒေါ်လှသန်း)တို့၏ သမီးကြီး၊ မြင်းခြံမြို့နေ (ဦးဘ-ဒေါ်စောတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်(၁)လမ်း၊ အမှတ်(၆၄)နေ ဦးသန်းစိန် (လက်ထောက်ညွှန်ကြားရေးမှူး၊ လ-ဝ-က-ငြိမ်း)၏ ဇနီး၊ ဦးမြင့်အောင်-ဒေါ်မြင့်စိန်၊ ဦးသိန်းဦးတို့၏ အစ်မကြီး၊ ဒုတိယဗိုလ်မှူးကြီးကိုကိုအောင် (တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်ခင်သီတာဦး (ကထိက၊ အင်္ဂလိပ်စာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးရန်နိုင်ထွန်း၊ ဒေါ်ခင်နီလာထွေးတို့၏ မွေးသမိခင် ဒေါ်ခင်ယုံသည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) ည ၇:၄၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၁ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

**ဒေါ်အေးကျင်** (မိုးကုတ်ယောဂီ)၊ အသက်(၈၁)နှစ်

ဦးမျိုးညွန့်မောင်(မူဝါဒရေးရာအကြံပေး မြန်မာသံတော်ဆင့်သတင်းဌာနနှင့် မြန်မာပို့စ်သတင်းဂျာနယ်)၏မိခင်ကြီး ဒေါ်အေးကျင် အသက်(၈၁)နှစ်သည် ၂၄-၁-၂၀၂၁ရက်(တနင်္ဂနွေနေ့)ည ၁၁:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်ကြောင်း သိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**တာမွေအောင်ကို(မြန်မာသံတော်ဆင့်သတင်းဌာန၊ ပြန်ကြားရေးနှင့်ဆက်ဆံရေးအရာရှိ)၊ ဇနီးဒေါ်မာလာမြင့်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ကြိုင်

### အသက်(၇၅)နှစ်

IGE Group မှ Executive Director ဦးသန့်ဇင်-ဒေါ်စိုးမိုးအေးတို့၏ ဖခင်ကြီး ဦးတင်ကြိုင်သည် ၂၃-၁-၂၀၂၁ (စနေနေ့) နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CEO နှင့် ဝန်ထမ်းများ**
**IGE Power & IPG Co.,Ltd.**
**IGE Group**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ စန္ဒိမာ

### သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊လင်းလွန်းတောင်ရပ်ကွက်၊ မူလဥယျာဉ်တိုက်၊ ဂန္ဓာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာ (မြို့နယ်သြဝါဒစရိယ၊ တိုက်အုပ်ချုပ်ရေးနာယကအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ BA-History)သည်(၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)၊ ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၅:၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်)၊ ၂၆-၁-၂၀၂၁ (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန(အကျဉ်းချုံး) ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဆရာတော် ဦးအာသဘ**
**တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်တင်

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၂၂၇/၂ယာ)၊ (၃၈)လမ်း၊ အထက်လမ်းနေ [ဦးကျောက်တန်(ခ) ဦးတိမ်ရိုပ်စိန်]၏ ချစ်လှစွာသောဇနီး၊ ဦးသန်းရွှေ-မပိုးကြူး၊ (ဦးမောင်ရီ)-ဒေါ်အေးမြင့်၊ (ဦးဇော်မင်းနိုင်)-ဒေါ်အေးသန်း၊ ဒေါ်ဝင်းကြည်၊ ဦးချစ်ထွန်း၊ (ဦးချစ်ရွှေ)၊ ဒေါ်ခင်ဝေဝေ၊ မထွေးထွေးစန်း၊ မောင်ဇော်မျိုးလွင်-မရူပါထွန်း၊ မောင်ကျော်ကျော်လွင်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကျင်တင်သည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၁ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်အေးကျင်

### မိုးကုတ်ယောဂီ မြန်မာ့ကုန်တိုက်

### အသက်(၈၁)နှစ်

(ဦးဘိုသင်း-ဒေါ်ခင်တု)တို့၏သမီး၊ [ဦးခ-ဒေါ်လှ (အဝေရာလမ်း၊ ဘောက်ထော်)]တို့၏ သမီးချွေးမ၊ [ဦးလှမောင် (ညွှန်ကြားရေးမှူး/ကုန်သွယ်ရေးဦးစီး)]၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ကြည်လှ၊ ဒေါ်ကြည်မြတို့၏ ညီမ၊ ဦးအောင်မြင့်ဦး (လမ်းတံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-ဒေါ်မာမာစိုး၊ ဦးတင်စိန်-ဒေါ်မြမြဝေတို့၏ အဒေါ်၊ ရန်ကုန်မြို့၊ အမှတ်(၃၃)၊ သီတာလမ်း၊ ကျောက်မြောင်းနေ ဦးမျိုးညွန့်မောင် (ပေါ်လစီဒါရိုက်တာ-မြန်မာသံတော်ဆင့်သတင်းမီဒီယာနှင့် မြန်မာပို့စ်သတင်းဂျာနယ်)၏ မွေးသမိခင် ကျေးဇူးရှင်သည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) ည ၁၁:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းသွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်လင်း

### အသက်(၇၂)နှစ်

### ဦးစီးအရာရှိ (ငြိမ်း)

### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

ရန်ကုန်မြို့နေ (ဦးစံရ-ဒေါ်အေးမှီ)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ်(၆၀)နေ ဒေါ်တင်တင်ဝင်း (အလယ်တန်းပြ-ငြိမ်း၊ အထက-၄၊ ကမာရွတ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အေးထက် (ဒုရဲအုပ်-C.I.D)၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၁ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာဝေ

### အသက် (၅၇)နှစ်

### (ဒုတိယအထွေထွေမန်နေဂျာ/မြဝတီဘဏ်ရုံးချုပ်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၄၆၂)၊ ငါးလွှာနေ (ဦးသန်းမောင်-ဒေါ်စန်းကြည်)တို့၏ သမီး၊ ဒေါက်တာဝေဝေဦး (မော်လမြိုင်ဆေးရုံအုပ်-ငြိမ်း)၊ (ဒေါက်တာမာမာဝေ)၊ (ဦးနေဝင်း)-ဒေါ်သန်းသန်းခိုင်၊ (ဦးဇော်ဝင်း)-ဒေါ်မြင့်မြင့်ဆွေတို့၏ ညီမသည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၃:၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၂၁ (စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် (၄၆၂)၊ ငါးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးတင်ညွန့်

### နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး (ငြိမ်း)

### အသက်(၈၃)နှစ်

တံတားဦးမြို့နေ (ဦးဘသော်-ဒေါ်ကြွယ်)တို့၏ သား၊ မြင်းခြံမြို့နေ (ဦးဘချစ်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှရှိန်-ဒေါ်ချစ်ချစ်)၊ (ဦးမျိုးသန့်)-ဒေါ်တင်တင်သန့်၊ ဦးဝင်းမြင့်-ဒေါ်သန်းညွန့်တို့၏ ညီ၊ (ဦးစံလှ-ဒေါ်တင်မြ)၊ (ဒေါ်အေးသိန်း)တို့၏ မောင်၊ ဒေါက်တာဦးကောင်းညွန့်(ဦးဃောသိတ)-ဒေါ်ဝင်းကြည် တို့၏ အစ်ကို၊ (ဦးထွန်းလွင်-ဒေါ်စိန်စိန်)၊ (ဦးလှမြင့်-ဒေါ်လှလှ)၊ ဦးအေး-(ဒေါ်နွဲ့နွဲ့ဝင်း)တို့၏ မောင်သည် ၂၀-၁-၂၀၂၁ ရက် ည ၉:၁၅ နာရီတွင် Singapore နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ ရက် ညနေ ၆ နာရီတွင် Mandai Crematorium ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးတင်ညွန့်

### နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး (ငြိမ်း)

### အသက်(၈၃)နှစ်

တံတားဦးမြို့နေ (ဦးဘသော်-ဒေါ်ကြွယ်)တို့၏ သား၊ မြင်းခြံမြို့နေ (ဦးဘချစ်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးအောင်သူရ-ဒေါ်အိန်ဂျလာဝေ၊ ဒေါက်တာဦးမျိုးလွင်-ဒေါက်တာဒေါ်မေမြတ်မြတ်အေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ Justin Myo Lwin ၏ ချစ်လှစွာသောအဘိုးသည် ၂၀-၁-၂၀၂၁ ရက် ည ၉:၁၅နာရီတွင် Singapore နိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ ရက် ညနေ ၆ နာရီတွင် Mandai Crematorium ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အနိစ္စ

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်းရ
ပြည်
လည်းလှ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ယဉ်နု

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်းနေ ရခိုင်အမျိုးသားအသင်းချုပ်(ရန်ကုန်) ဥက္ကဋ္ဌ၊ ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးဝင်း၏ဇနီး ဒေါ်ယဉ်နုသည် ၂၄-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အမှုဆောင်အဖွဲ့**
**ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ဝင်းကြည် (B.Sc, Botany)

### လဝက၊ ဦးစီးမှူး(ငြိမ်း)

### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

### အသက်(၇၆)နှစ်

မိသားစုတမျှ ရင်းနှီးရပါသော ဒေါ်ခင်ဝင်းကြည် (လဝက၊ ဦးစီးမှူး-ငြိမ်း)သည် ၁၄-၁-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၄:၃၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်မောင်မောင်၊ ဒေါ်မြင့်မြင့်လေး**
**ပဲခူးမြို့**

## လွမ်းဆွတ်သတိရခြင်း

### ဦးသန်းလှိုင်

### အသက်(၇၉)နှစ်

မန္တလေးတိုင်းဒေသကြီးမြင်းခြံမြို့နယ်၊နယ်ခြားကျောင်းတိုက် ဆရာတော် ဦးအဂ္ဂဝံသအား အမှူးထား၍ မြင်းခြံမြို့နေ ဦးအောင်ဆယ်-ဒေါ်အေးခင်တို့၏သား၊ ရန်ကုန်မြို့နေ ဦးလှအောင်-ဒေါ်သန်းမြင့်တို့၏သားသမက်၊ အင်းစိန်မြို့နေ ဦးလှမင်း-ဒေါ်မြင့်မြင့်မော် (အထက-၂၊ အင်းစိန်)၊ ဦးခင်မောင်ဇော်-ဒေါ်မြင့်မြင့်သိန်း၊ ဦးဇော်ဝင်း-ဒေါ်မိုးမိုးသိန်း(စင်ကာပူ)၊ ဦးသူရအောင်-ဒေါ်ဖြူဖြူသိန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ရီရီမြ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၁၂-၂၀၂၀(စနေနေ့)တွင် ကွယ်လွန်ခဲ့ပြီး ၂၆-၁-၂၀၂၁ (အင်္ဂါနေ့)တွင် (၁)လပြည့်ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။ ဒယ်ဒီအတွက် ရည်စူး၍ နေ့စဉ်ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု

# ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်မှ ယခုနှစ်တွင် နွေစပါးစိုက်ဧက ၃၀၀ ခန့်သာ ရေပေးဝေနိုင်မည်



**ဒီးမော့ဆို ဇန်နဝါရီ ၂၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်၏ ရေအရင်းအမြစ်တစ်ခုဖြစ်သည့် နန်းစံဖူး သဘာဝရေထွက်ပေါက်မှ ရေထွက်နှုန်း ကျဆင်းလျက်ရှိသည့်အပြင် မိုးရာသီကာလ၌ မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ယခုနှစ်တွင် ငွေတောင်ဆည်ရေသောက် နွေစပါးစိုက်ဧက ၃၀၀ ခန့်သာ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်က ငွေတောင်ဆည်မှ နွေစပါးစိုက်ဧက ၁၄၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ နန်းစံဖူး သဘာဝရေထွက်ပေါက်မှ ရေထွက်နှုန်း ကျဆင်းတဲ့အပြင် မိုးရာသီကာလမှာ မိုးရွာသွန်းမှုနည်းတဲ့အတွက် ရေသိုလှောင်နိုင်တဲ့ ရေပမာဏ နည်းသွားတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ နွေစပါးစိုက်ဧက ၃၀၀ ခန့်သာ ရေပေးဝေနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးလှသိန်းက ပြောသည်။

ငွေတောင်ဆည်အတွင်း ရေသိုလှောင်နိုင်မှု ပမာဏသည် နှစ် ၂၀ အတွင်း အနည်းဆုံး ရေအမှတ်သို့ ရောက်ရှိနေသည်။ ငွေတောင်ဆည်မှရေကိုစိုက်ပျိုးရေးအတွက်သာမက ဒီးမော့ဆိုမြို့နေ ပြည်သူများအတွက် သောက်သုံးရေ တစ်လလျှင် ရေဂါလန် ၁၂ သိန်းကျော် ပုံမှန်ဖြန့်ဝေပေးလျက်ရှိသည်။ နွေစပါးစိုက်ပျိုးမည့် လယ်မြေများသို့ ဖေဖော်ဝါရီ ၁ ရက်မှစ၍ ရေပေးဝေသွားမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးလှသိန်းက ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ◆


# ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပမည့်ပြိုင်ပွဲတွင် မြန်မာ MMA ကစားသမား ထီရယ်လ်ထန်၏ တွဲဆိုင်းပါဝင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ONE Championship က စီစဉ်သည့် Unbreakable III အမည်ရပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ MMA ကစားသမား ထီရယ်လ်ထန်၏ တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။

ထီရယ်လ်ထန်သည် ဖေဖော်ဝါရီ ၅ ရက်တွင်ကျင်းပမည့်ပြိုင်ပွဲတွင် ၎င်း၏တွဲဆိုင်းပါဝင်လာမည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သော်လည်း ONE Championship က ထီရယ်လ်ထန်နှင့် ထိုးသတ်မည့်ပြိုင်ဘက်ကစားသမားကို တရားဝင်ကြေညာခြင်းမရှိသေးပေ။ ထီရယ်လ်ထန်သည် ONE Championship နှင့် ၂၀၁၉ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး ယင်းနှစ်တွင် နှစ်ပွဲထိုးသတ်ခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ် မတ်လတွင် ရန်ကုန်မြို့၌ ကျင်းပသည့်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံသား ဆာရော့သ်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံသား ကင်ဝမ်ကွမ်ကိုလည်းကောင်း အနိုင်ရခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများထိုးသတ်ရခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်မှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ မြန်မာနာမည်ကြီး MMA ကစားသမား အောင်လအန်ဆန်သည် ထီရယ်လ်ထန်နှင့်အတူ စင်ကာပူနိုင်ငံသို့

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪



၂၀၁၉ ခုနှစ်ကထိုးသတ်ခဲ့သည့်ပြိုင်ပွဲတွင် ထီရယ်လ်ထန်နှင့် ကင်တို့ ယှဉ်ပြိုင်နေစဉ်။



# ပြည်သူမှပြည်သူသို့ မျှဝေခြင်း အစီအစဉ်ဖြင့် ဒလမြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ ကို အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ အခြေခံလူတန်းစား ပြည်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့လျက်ရှိရာ စားသောက်ရေးအခက်အခဲရှိသော အိမ်ထောင်စုများအား ပြည်သူမှပြည်သူသို့မျှဝေခြင်း အစီအစဉ်ဖြင့် We Love Yangon အဖွဲ့မှ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးလျက်ရှိရာ ယနေ့မွန်းတည့် ၁၂ နာရီက အခြေခံအိမ်ထောင်စု ၃၀၀ အတွက် စားသောက်ကုန်များ လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ

COVISHIELD ကာကွယ်ဆေး သဘာဝကလည်း ဘေးထွက်ဆိုးကျိုး အလွန်တရာနည်းပါးတဲ့ဆေး ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကတော့ အကျိုးပိုများပါတယ်။ အပြစ်က နည်းနည်းလေးပဲရှိတယ်။ ဒါကြောင့် အကျိုးများလို့ ထိုးရမှာဖြစ်ပါတယ်။

စာမျက်နှာ » ၇

ပြင်သစ်၌ ကိုဗစ်-၁၉ ရောဂါ အရေးပေါ် အခြေအနေ ရောက်နေဟု အစိုးရ၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ် သတိပေး

စာမျက်နှာ » ၁၃